# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၂၈)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ၂၈-၁၀-၂၀၂၄၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ အဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ





နေပြည်တော် အောက်တိုဘာ ၂၈

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ အဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနၩ်ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ - ၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အမှာစကားပြောကြားပြီး (ဝဲပုံ)လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ်အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားမြေဥပဒေ ပထမ (မူကြမ်း) အခန်း (၁)မှ (၁၅)အထိ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ယခင်အစည်းအဝေးများတွင် ယာယီသဘောတူအတည်ပြုထားသည့် ဥပဒေမူကြမ်းနှစ်ခုကို စုစည်းပေါင်းစပ်ပြီး ဥပဒေတစ်ရပ်လုံး မူကြမ်းအဖြစ် ပြုစုထားမှုများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

တောင်ကြီး အောက်တိုဘာ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ယနေ့နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ကျားမကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျားမကဏ္ဍမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဖွင့်လှစ်သင်ကြား**

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရေး မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ဆက်စပ်သင်တန်းများကို ဆက်လက်ဖွင့်လှစ် သင်ကြားပေးနိုင်ရေး စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

နေပြည်တော် အောက်တိုဘာ ၂၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## အမျိုးသားအားကစားပွဲတော်အတွက် ကြိုတင်လေ့ကျင့်နေမှုများ ဆောင်ရွက်လျက်ရှိ

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အခြေခံပညာကျောင်းများမှ ကျောင်းသူဦးရေ ၃၀၀ တို့က ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် "လုပချစ်စရာ တို့ရွှေမြန်မာ"သီချင်းဖြင့်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် "ရွှေပြည်တော်သို့ တို့အတူ"သီချင်းဖြင့် လည်းကောင်း အက၊ အလှများဖြင့် တွဲဖက်၍ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများ၏ အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာပြကွက်များ၊ မီးရှူးမီးပန်း အလှဆင် ပစ်ဖောက်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုကျင်းပမည့် အားကစားပွဲတော်သည် ပြည်တွင်း၌ကျင်းပသည့် ပွဲတော်ဖြစ်သော်လည်း နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ကဏ္ဍအလိုက်နယ်ပယ်အသီးသီးမှ လူဦးရေ ၁၂၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျောင်းသူများအနေဖြင့် ပွဲတော်ကြီး၏ ကျရာကဏ္ဍမှ စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံးပါဝင်ဖျော်ဖြေတင်ဆက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့် ပညာရေးကို အမြဲအားပေးထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အားကိုးရပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်ကြစေလိုကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၌ အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရာတွင် ပြော ကြားခဲ့သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနအဆင့်တွင် အားကစားနည်း(၆)မျိုးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း (၂၃)မျိုးဖြင့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ရမည်းသင်း အောက်တိုဘာ ၂၈

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ရန် အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းအတွက် စက်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပျော်ဘွယ်မြို့နယ်၊ အုန်းပင်အုပ်စု၊ မင်းလှသာစည်ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယခုလို အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးရွာများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



(အောက်ဝဲပုံ)

ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ ပျော်ဘွယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးဗိုလ်ထွန်းအား စီမံကိန်းလွှဲပြောင်းပေးအပ်ပြီးနောက် ဒုတိယအကြိမ် မွမ်းမံသင်တန်းသင်ကြားပို့ချပြီးချိန်တွင် ထူးချွန်သင်တန်းသား ငါးဦးအား ရွေးချယ်ပြီး ၎င်းတို့ ငါးဦးအား ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး၊ ပျော်ဘွယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သင်တန်းသူများ စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း၊ ဖွင့်ပွဲအပြီးတွင် သင်တန်းသားများအား လက်တွေ့ပြသပို့ချခဲ့ကြောင်းနှင့် သင်တန်းတွင် သင်တန်းသား ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၂)

## အမရပူရမြို့နယ်၊ ရဲလွန်းကျော်ကျေးရွာ၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

အမရပူရ အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက အမရပူရမြို့နယ်၊ ရဲလွန်းကျော်ကျေးရွာ ရွာလည်ဦးဂျမ်းဓမ္မာရုံ၌ ဆောင်ရွက်ပေးခဲ့သည်။ (ယာပုံ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ် လဝက ဒုတိယဦးစီးမှူး ဒေါ်ချိုသန္တာလွင်၊ လက်ထောက်ဦးစီးမှူး ဒေါ်ခင်သူဇာတို့ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ပြီး ရဲလွန်းကျော်ကျေးရွာအုပ်စုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်သော ပြည်သူ အမျိုးသား၊ ၄၆ ဦး၊ အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၉၉ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။ **စိုးသီဟ(အမရ)**



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်မြောက် ထုတ်ချေး

အမရပူရ အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျစေရန် ရည်ရွယ်၍ ငယ်တိုးကျေးရွာအုပ်စု၊ တောင်ယာဉ်ပုံကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်ယာဉ်ပုံကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ယာဉ်ပုံကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ယာဉ်ပုံကျေးရွာရှိ ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၄၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အပတ်တကုတ် ကြိုးစားကြရမည်





နေပြည်တော် အောက်တိုဘာ ၂၈

ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အပတ်တကုတ်ကြိုးစားကြရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဦးစီးအရာရှိအဆင့်အရာရှိ သင်တန်းသား ၂၀ နှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုနှင့် ထိတွေ့နေရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများ အရည်အသွေးပြည့်ဝရန်နှင့် လုပ်ရည်ကိုင်ရည်တိုးတက်ရန် သိသင့်သိထိုက်သည်များကို အစဉ်လေ့လာသင်ယူရန်လိုအပ်ကြောင်း၊ မိမိတို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် အခြားသော ဝန်ထမ်းငယ်များကိုလည်း အသိပညာများ ပြန်လည်မျှဝေပေးစေလိုကြောင်း၊ ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း လေ့လာသင်ယူကြပြီး လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံကမ်းခြေဒေသ Sea & Lake အပန်းဖြေစခန်းသို့ရောက်ရှိပြီး ဒီရေတောစိုက်ခင်းများကို စနစ်တကျထိန်းသိမ်း၍ ခရီးသွားဆွဲဆောင်မှုတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ထားမှု၊ ကျောက်စိမ်းပြတိုက်နှင့် သစ်သားပန်းပုပြတိုက်များ ခင်းကျင်းပြသထားမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် စွန့်စားအားကစား ခရီးသွားလုပ်ငန်း အစီအစဉ်များဖြစ်သည့် Zip Lining၊ Wall Climbing ၊ Quick Jump အစရှိသည့် အားကစားနည်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး ဌာနပိုင်အဆောက်အအုံများနှင့် တည်ဆောက်ဆဲဟိုတယ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ချောင်းသာကမ်းခြေဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချောင်းသာကမ်းခြေဒေသ Azura Beach ဟိုတယ်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ချောင်းသာကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ချောင်းသာကမ်းခြေသို့ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့်ဝန်ဆောင်မှုပေးနေမှုများ၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေမည်ဖြစ်သည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

မိုး/ဇလ

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကိုနှင့်အဖွဲ့က ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။



မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် "ဆီးနှင်းပြိုက်ကျ" (ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော် "မြိုင်ယံရွှေလှို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်၏ ကပြယှဉ်ပြိုင်ဟန်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်နှိုင်းမြတ်သူ "သီလာမြေယံ"(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲရင့်ကျော် "ဂုဏ်တော်ကိုးသွယ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ နော်မေသဇင်ထူး “ချစ်ဦးမောင့်ထံ ပြန်လာပါ” (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ခေတ်ပေါင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခင်ရတနာစိုး “နွေမိုးဆောင်း” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ “ဆီးနှင်းပြိုက်ကျ” (ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မပြလင်းဖြူ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာဖြင့် ကပြယှဉ်ပြိုင်ဟန်။



စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်ဇော် “တောဟောဝန်လယ်”(ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မယမင်းသူနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

# သန့်ရှင်းသော လေထုအကြောင်း သိကောင်းစရာ



အနန္တစကြဝဠာကြီးတွင် ဤမြေကမ္ဘာသည်သာ သက်ရှိသတ္တဝါတို့ ရှင်သန်နေထိုင်နိုင်ရန် သဘာဝပတ်ဝန်းကျင်တို့ ဖွဲ့စည်းဖြစ်ပေါ်နေသည့် တစ်ခုတည်းသောနေရာ ဖြစ်သည်။ ဘောလုံးသဖွယ် လုံးဝန်းနေသည့် ကမ္ဘာကို မြေပြင်အထက် မိုင်ပေါင်း ၃၀၀ ခန့်အထိ တည်ရှိနေသော လေထုကြီးက ဖုံးအုပ်ဝန်းရံထားသည့် ကမ္ဘာ့လေထုအတွင်း အဓိကဓာတ်ငွေ့နှစ်မျိုးဖြစ်သော နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်းနှင့် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း ပါဝင်နေပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ ဟီလီယမ်၊ နီယွန်၊ အာဂွန် အစရှိသော ဓာတ်ငွေ့များပါဝင်မှု စုစုပေါင်းမှာ ၁ ရာခိုင်နှုန်းခန့်သာရှိသည်။ ထို့အပြင် ရေခိုးရေငွေ့နှင့် အမှုန်အမွှားများလည်း လေထုအတွင်း ပါဝင်နေသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းမှာ အဓိကအားဖြင့် နှစ်ရပ်သာ ဖြစ်သည်။ ပထမတစ်ရပ်မှာ တောမီးလောင်ခြင်းကဲ့သို့သော် သဘာဝဘေးအန္တရာယ်များကြောင့် လေထုညစ်ညမ်းခြင်းဖြစ်ပြီး ဒုတိယတစ်ရပ်မှာ လူသားတို့၏ ခေတ်အဆက်ဆက် မဆင်ခြင်မှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် ဖြစ်သည်။ မီးတောင်ပေါက်ကွဲခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ အခိုးအငွေ့နှင့်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်း၊ ယာဉ်ယန္တရားများ မောင်းနှင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်း စသည်တို့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည်။

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေဖြင့် ပတ်ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များမှာ ပြောင်းလဲမှု ရှိနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ကမ္ဘာကို ဝန်းရံဖုံးလွှမ်းထားသည့် လေထုကြီးသည် မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်စေသည့်နေရာ ဖြစ်သကဲ့သို့ လူနှင့်တကွ သက်ရှိသတ္တဝါများ ရှင်သန်နိုင်ရန်အတွက်လည်း မရှိမဖြစ်သည့်အရာဖြစ်ရာ ကမ္ဘာ့လေထုသန့်ရှင်းမှုအတွက် ဂရုပြုကြရန်လိုသည်။ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ပေးသည့် လုပ်ငန်းစဉ်လည်းဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချနိုင်မှသာ ကမ္ဘာကြီးပူနွေးမှုကိုကာကွယ်နိုင်ပြီး လေထုညစ်ညမ်းမှုနှင့် လူသားတို့၏အသက်အန္တရာယ်ကိုပါ ကယ်တင်နိုင်မည် ဖြစ်သည်။ လူသားအားလုံးကလည်း မိမိပတ်ဝန်းကျင်ရှိ လေထုအရည်အသွေး ကောင်းမွန်သန့်ရှင်းနေစေရေးကို အစဉ်သဖြင့် အလေးထားလိုက်ပါလုပ်ဆောင်ကြရန်လိုအပ်သည်။

**မြန်မာနိုင်ငံနှင့် လေထုအရည်အသွေး**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေ လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် (၁၃)ခုအတွင်းရှိ သတ်မှတ် Sampling Point နေရာများ၌ လေထုအရည်အသွေး တိုင်းတာချက်များကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ၊ ၂၀၂၄ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂ ဒသမ ၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားပါဝင်မှုတွင် ကျန်းမာရေးကို ထိခိုက်စေသော အဆင့်ရှိသည့် မြို့နယ်ငါးမြို့နယ် ပါဝင်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မြို့နယ်ငါးမြို့နယ်မှာ မန္တလေးတိုင်းဒေသကြီးမှ အမရပူရမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်မှ တာချီလိတ်နှင့် ကျိုင်းတုံမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် IQAir ၏ လေထုညစ်ညမ်းမှု တိုင်းတာချက်များအရ မန္တလေးမြို့တွင် မတ်လ ၈ ရက် က AQI အဆင့် ၁၅၁ အထက်ဖြစ်နေခြင်းကြောင့် ကျန်းမာရေးနှင့် မညီညွတ်သည့် အနီရောင်အဆင့်တွင် ရှိနေကြောင်းနှင့် အထူးသဖြင့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ် စသည့်မြို့နယ်များ၏ လေထုညစ်ညမ်းမှု AQI အဆင့် သတ်မှတ်ချက်မှာ ၁၅၁ အထက် အနီရောင်အဆင့်ဖြစ်နေကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဧပြီ ၁ ရက်မှ ဧပြီ ၁၀ ရက်အထိ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ၂ ဒသမ ၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားပါသည့် ကျန်းမာရေးကို ထိခိုက်စေသော လေထုများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မန္တလေးမြို့နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့တို့တွင် တွေ့ရကြောင်း သိရသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး AQI အဆင့် သတ်မှတ်ချက်များမှာ -

- AQI-၀ မှ ၅၀ အထိ အစိမ်းရောင် (ကောင်းမွန်အဆင့်)၊
- AQI-၅၁ မှ ၁၀၀ အထိ အဝါရောင်(အသင့်အတင့်အဆင့်)၊
- AQI-၁၀၁ မှ ၁၅၀ အထိ လိမ္မော်ရောင် (သတိထားရမည့်အဆင့်)၊
- AQI-၁၅၁ မှ ၂၀၀ အထိ အနီရောင် (ကျန်းမာရေးနှင့် မညီညွတ်သည့်အဆင့်)၊
- AQI-၂၀၁ မှ ၃၀၀ အထိ ခရမ်းရောင် (အလွန်ဆိုးရွားသည့်အဆင့်)၊
- AQI-၃၀၁ မှ ၅၀၀ အထိ အနီရင့်ရောင် (အန္တရာယ်များသည့်အဆင့်) စသည်တို့ ဖြစ်ကြသည်။

အထက်ဖော်ပြပါ အချက်အလက်များအရ မန္တလေးမြို့၏ လေထုအရည်အသွေးသည် ကျန်းမာရေးနှင့် မညီညွတ်သည့်အဆင့် ဖြစ်နေ၍ လေထုညစ်ညမ်းမှုကြောင့် ပြည်သူလူထုအနေဖြင့် အဆုတ်နာရောဂါ၊ ကင်ဆာရောဂါများ၊ နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားလာနိုင်သောကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ အထူးဂရုပြု နေထိုင်ကြရန် လိုအပ်သည်။

**လေထုအရည်အသွေးနိမ့်ကျမှုကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများ-**

လူဦးရေထူထပ်သော အရပ်ဒေသတွင် နေထိုင်ပြီး မသန့်ရှင်းသော လေကို ရှူရှိုက်ရသူများမှာ အောက်ဖော်ပြပါ ကျန်းမာရေးဆိုးကျိုးများကို ခံစားရနိုင်ကြောင်း WHO က သတိပေးထားသည်။

- အရွယ်မတိုင်မီ သေဆုံးနိုင်ခြေအလားအလာ ၁၆ ရာခိုင်နှုန်း ပိုသည်။
- နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေ ၂၇ ရာခိုင်နှုန်း ပိုများနေပါသည်။
- အဆုတ်ကင်ဆာကြောင့် သေဆုံးနိုင်ခြေ ၂၈ ရာခိုင်နှုန်းပိုများနေပါသည်။
- နှလုံးဖောက်ပြန်မှု ဖြစ်နိုင်ခြေအလားအလာ ၇၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်သည်။

လေထုအရည်အသွေး နိမ့်ကျမှုကြောင့် အထက်ဖော်ပြပါ ရောဂါဝေဒနာများကို ခံစားရနိုင်သည့်အပြင် ခန္ဓာကိုယ်တွင်းဆဲလ်များတည်ဆောက်မှုကို ဟန့်တားနှောင့်ယှက်သဖြင့် ပန်းနာ ရင်ကြပ်ရောဂါ၊ အသည်းရောဂါတို့ကိုလည်း ခံစားရနိုင်ပါသည်။ ထို့ပြင် လေထုညစ်ညမ်းခြင်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် နာတာရှည် ဆီးချိုရောဂါကိုပါ ခံစားရနိုင်သည်။

အထူးသဖြင့် ၂ ဒသမ ၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားတို့သည် အဆုတ်အတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နှလုံးသွေးကြော၊ ဦးနှောက်သွေးကြော(လေဖြတ်ခြင်း) နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ယင်းအမှုန်အမွှားများသည် အခြားကိုယ်တွင်းအင်္ဂါများကိုထိခိုက်စေပြီး အခြားရောဂါများကိုလည်း ဖြစ်စေသည့် သက်သေအထောက်အထားများ ထွက်ပေါ်လာကြောင်း သိရသည်။နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (NO2)သည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အထူးသဖြင့် ပန်းနာရင်ကြပ်ရောဂါနှင့် ဆက်စပ်နေပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း (သို့မဟုတ်) အသက်ရှူရခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်သည်။

**လေထုအရည်အသွေး နိမ့်ကျမှုကြောင့် Dementia ရောဂါ ဖြစ်လာနိုင်**

Dementia ကို ဆေးသိပ္ပံနည်းအရ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါဟု ခေါ်သည်။ အမေရိကန်နိုင်ငံ အယ်လ်ဇိုင်းမားရောဂါဖေဒအသင်းမှ သုတေသီများသည် PM 2.5 ဟုခေါ်သော အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာနှင့် အောက်ရှိသည့် ရုပ်မှုန်များနှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ လေထုလွှာအတွင်း စုစည်းမှုကို လျှော့ချပေးခြင်း၏ အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြသည်။ လေ့လာချက်ရလဒ်များအရ လေထုလွှာအတွင်း နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် PM 2.5 ရုပ်မှုန်များ စုစည်းမှုကို လျှော့ချပေးခြင်းဖြင့် Dementia ရောဂါ ဖြစ်ပွားနိုင်ခြေကို ၁၆ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း အမေရိကန်သုတေသီများက ဆိုသည်။

အဘယ်ကြောင့်ဆိုသော် လေထုလွှာအတွင်းရှိ PM 2.5 ကဲ့သို့သော ရုပ်မှုန်များသည် အဆုတ်မှတစ်ဆင့် လူ၏သွေးလည်ပတ်မှုစနစ်တွင်းသို့ အလွယ်တကူဝင်ရောက်၍ ဦးနှောက်အတွင်းထိ ရောက်သွားတတ်ပြီး Dementia ရောဂါ၏ အဓိကအကြောင်းတရားဖြစ်သည့် ဦးနှောက်ဆဲလ်များ ရောင်ရမ်းမှုကို အားပေးလှုံ့ဆော်တတ်သည်။ အလားတူ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်သည်လည်း အဆုတ်အတွင်းရှိ ခုခံအားစနစ်ဆဲလ်များကို ဖျက်ဆီးတတ်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းကူးစက်မှုရောဂါများ ဖြစ်လွယ်စေတတ်သည်။

(ဆက်လက်ဖော်ပြပါမည်။)

တင်ထက်ထက်ဇော်



## အိုမင်းလာသောဆဲလ်အတွင်းရှိ ရောင်ရမ်းမှုဖြစ်စဉ်ကို ပြေလျော့စေမည့် နည်းလမ်းသစ်ဖော်ထုတ်တွေ့ရှိ

ဇရာ၏ဖိစီးမှုကြောင့် လူတို့အိုမင်းလာသောအခါ ကိုယ်တွင်းဇီဝဖြစ်စဉ်များ ချို့ယွင်းရာမှ ရောဂါဘယအမျိုးမျိုး၏ ဒဏ်ကို ခံစားရကာ သက်တမ်းစေ့နေခွင့်ရမည့်ကာလကို တိုတောင်းလာစေသည်။

သို့ဖြစ်ရာ ဇရာတိုက်ဖျက်ရေးကို အဓိကထားလေ့လာသော ပညာရှင်များက ထိုဇီဝဖြစ်စဉ်များချို့ယွင်းသည့် ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းနေကြသည်။

ဂျပန်နိုင်ငံ ကုမမောတောတက္ကသိုလ်မှ သုတေသီများသည် ဇရာအကြောင်း စူးစမ်းလေ့လာရာမှ အိုမင်းလာသောဆဲလ်အတွင်းရှိ ရောင်ရမ်းမှုဖြစ်စဉ်ကို ပြေလျော့စေမည့်နည်းလမ်းသစ်ကို မကြာသေးမီက ဖော်ထုတ်တွေ့ရှိသည်။

အေစီအယ်လ်ဝိုင်ဟုခေါ်ဆိုသော အင်ဇိုင်းသည် ဆဲလ်များအတွင်းရှိ ရောင်ရမ်းစေသောဂုဏ်သတ္တိကို တိုးပွားလာစေသဖြင့် ၎င်းကို ထိန်းချုပ်ကာ အိုမင်းမှုကို နှေးကွေးအောင်ကြံဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

SCI



## ရက်ပ်ပါ Jessi က PSY နှင့် လက်တွဲဖြုတ်ခဲ့ရသည့်အကြောင်းရင်းကို ပြောကြားထား

ကမ္ဘာကျော်ဂီတအနုပညာရှင် ပီအက်စ်ဝိုင်နှင့် ဂျေပတ်တို့၏ အေဂျင်စီများနှင့် ရက်ပ်ပါဂျက်ဆီ လက်တွဲဖြုတ်ခဲ့ရသည့်အကြောင်းရင်းကို အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျက်ဆီသည် ရက်ပ်ပါတစ်ဦးဖြစ်ပြီး ကိုရီးယား၊ အမေရိကန် သွေးနှောသူဖြစ်ကာ စွယ်စုံရစွမ်းရည်များပိုင်ဆိုင်ထားသူဖြစ်၍ UNNI ဆိုသည့် Labelကို စိတ်ကြိုက် ဂီတဖန်တီးရန် တည်ထောင်ထားရာမှ DOD နှင့် စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

တစ်ကိုယ်တော်ဂီတ Uptown နှင့် ၂၀၀၅တွင် ပွဲဦးထွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျော်ကြားလာကာ ပီအက်စ်ဝိုင်၏ ပီနေရှင်း၊ ဂျေပတ်၏ More Vision တို့နှင့် လက်တွဲခဲ့ရာမှ ကိုယ်ပိုင်စိတ်ကြိုက်ဂီတဖန်တီးလို၍ လက်တွဲဖြုတ်ခဲ့ခြင်းဖြစ်သည်ဟု ပွင့်လင်းစွာပြောကြားသွားသည်။

(SKY)

0-0-0-0-0-0-0

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Cillian Murphy ကို ရုပ်ရှင်သစ် Peaky Blinders နှင့်အတူ မြင်တွေ့ရ



အော်စကာဆုရှင် စီလီယန်မြူဆိုက်ကို ရုပ်ရှင်သစ် Peaky Blinders တွင် သောမတ်စ်ရှိုဘိုင်ဆဲ ဆံပင်စတိုင်သစ်နှင့်အတူ

မြင်တွေ့ကြရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်မှာမူရင်း Peaky blinders ဇာတ်လမ်းတွဲ၏ဒါရိုက်တာ စတီဗင်နိုက်က ဇာတ်ညွှန်းရေးသားပေးထားပြီး ရိုက်ကူးထားရာ သောမတ်စ်ရှိုဘိုင်အဖြစ် အော်စကာဆုရှင် စီလီယန်မြူဆိုက်ကို မြင်တွေ့ကြရသည်။

စီလီယန်မြူဆိုက်ကို အထူဝမ်ဒါးဝို မင်းသမီး ဂဲလ်ဂါဒို၏ ရုပ်ရှင် Hart Of Stone ဒါရိုက်တာသွန်ဟက်ပါက တာဝန်ယူရိုက်ကူးထားကာ ရီဘီကာဖာဂူဆန်၊ကယ်ရီကွန်ဟန်နှင့် တင်ရိုသ်တို့ အဓိကပါဝင်ကြသည်။

အော်စကာဆုရှင်စီလီယန်မြူဆိုက်ကို Thomas Shelby ၏ဆံပင်ပုံစံနှင့် မြင်တွေ့ရ၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

(SKY)

## Gyeong Seong Creature Season 2 ထွက်ရှိလာ

၂၀၂၄ခုနှစ်၏ နက်ဖလစ်ဇာတ်ကား Gyeong Seong Creature Season 2 မှာ စက်တင်ဘာလတွင် ထွက်ရှိလာ၍ ပရိသတ်များ စောင့်မျှော်ရကျိုးနပ်ခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယားထိပ်တန်းအနုပညာရှင်နှစ်ဦး ဖြစ်ကြသည့် ပတ်ဆိုဂျွန်းနှင့် ဟန်ဆိုဟီးတို့ မတွဲစဖူးအတွဲထူးထားသောကြောင့် ပရိသတ်များ စိတ်ဝင်စားနေကြကာ ၂၀၂၄ ခုနှစ် နက်ဖလစ်၏ Global Top1 ရရှိထားသည့် တစ်ခုတည်းသော Korea Contect လည်းဖြစ်၍ ပရိသတ်စောင့်မျှော်နေကြခြင်း ဖြစ်သည်။

ပတ်ဆိုဂျွန်းနှင့်ဟန်ဆိုဟီးတို့မှာ ကိုယ်ပိုင်ချစ်သူများကြောင့် သတင်းမီဒီယာတွင် ဂယက်ထခဲ့ကြပြီး ပရိသတ် စိတ်ဝင်စားမှုမြင့်မားစွာရရှိထားကြသူနှစ်ဦးဖြစ်ကာ ယင်းဇာတ်ကားတွင် အတူမြင်တွေ့ကြရမည် ဖြစ်သည်။

(SKY)

0-0-0-0-0-0-0

## Gaami ရုပ်ရှင်မှာ ရှားပါးရောဂါတစ်မျိုးအကြောင်းရိုက်ကူးထား

၂၀၂၄ခုနှစ်တွင် ထွက်ရှိလာသည့် Gaami မှာ Seeker ရှာဖွေသူဟု အဓိပ္ပာယ်ရပြီး ရှားပါးရောဂါတစ်မျိုးအတွက် ဆေးရှာပုံတော်ဖွင့်ပုံကို ရိုက်ကူးတင်ပြထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘောလိဝုဒ်သမားရိုးကျဇာတ်ကားများမှ ခွဲထွက်၍ လူများနှင့် ထိတွေ့လို့မရသည့် ရှားပါးရောဂါတစ်မျိုးခံစားနေရသူအကြောင်းဖြစ်ကာ လူ့အသိုက်အဝန်းမှ ဖယ်ကျဉ်းခံထားခဲ့ရာမှ ရောဂါကုသပေးမည့် ဂုရုကြီးတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့သည်။

တစ်ဖက်တွင်လည်း ငယ်စဉ်က ခက်ခဲကြမ်းတမ်းသည့် ဘဝကို ဖြတ်ကျော်ခဲ့ရပြီး အိမ်ထောင်ရေးတွင် အနှိပ်စက်အကြမ်းဖက်ခံရ၍ ဘဝနာကာ ဆရာဝန်ဖြစ်လာသော မိန်းကလေးက အတိတ်မေ့ရန် ဆေးဖော်စပ်ရန် ရှာဖွေရာမှ နှစ်ပေါင်း ၃၀ ကျော်တွင် တစ်ကြိမ်သာပွင့်သည့် ကိုယ်ပိုင်အလင်းရောင်ရှိ၍ ဆေးဖက်ဝင်သည့်မှိုမျိုးစိတ်ကို နှစ်ဦးသား ရှာဖွေခဲ့ကြပုံကို တင်ဆက်ပြသထားသည်။

(SKY)







## Jennie နာမည်ဖြစ်ပေါ်လာပုံကို ဝေမျှပေးထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်နီ၏ အမည်နှင့်ပတ်သက်၍ ပရိသတ်စိတ်ဝင်စားခဲ့ကြရာမှ ကိုရီးယားအမည်ရော စတိတ်စင်အမည်ပါ ဂျင်နီဖြစ်သည်ဟု ပရိသတ်ကို အင်တာဗျူးတစ်ခုတွင် ဂျင်နီက ဝေမျှပေးထားသည်။

ဂျင်နီ၏ မိခင်မှာ မင်းသားလီဂျောင်ဂျေး၏ အကြီးစားပရိသတ်ဖြစ်ပြီး Hourglass ဇာတ်လမ်းတွဲမှ လီဂျောင်ဂျေး၏ ဇာတ်ကောင်အမည် ဂျေဟီးကို နှစ်သက်၍ သားလေးမွေးလျှင်ပေးရန် ဆုံးဖြတ်ထားခဲ့သည်။

ဂျင်နီမိခင်က သားလေးမမွေးဘဲ သမီးလေးမွေးခဲ့၍ ဂျေဟီးအမည်နှင့် ဆင်တူသည့် ဂျင်းနီ အမည်ကို ပေးခဲ့ရာမှ မျိုးရိုးအမည်နှင့် ဂျင်းနီကင် ဖြစ်ခဲ့ကာ စတိတ်အမည်ကိုလည်း ဂျင်းနီဟုပင် ပေးခဲ့ပြီး ဘလက်ပင့်ခ်နှင့် ကမ္ဘာကျော်ခဲ့သည်ဟု ရင်ဖွင့်ဝေမျှထားသည်။

(SKY)






## Dear Hyeri တွင် ကမ္ဘာနှစ်ခုအကြောင်း ယှဉ်တွဲရိုက်ကူးထား

၂၀၂၄ခုနှစ်တွင်ထွက်ရှိလာသည့် Dear Hyeri တွင် ကမ္ဘာမှလူကို အိပ်မက်မှတစ်ဆင့် မြင်တွေ့ရပုံနှင့် ကမ္ဘာနှစ်ခုအကြောင်း ယှဉ်တွဲရိုက်ကူးတင်ပြထား၍ ပရိသတ်စိတ်ဝင်စားခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် နာမည်ကြီး မင်းသမီးရှင်ဟေဆွန်က မှတ်ဉာဏ်မေ့လိုက်ပေါ်လိုက်နှင့် အကျင့်နှစ်မျိုးဖြစ်နေမှန်း နောက်ဆုံးမှ ပေါ်လာပုံနှင့် ဇာတ်အေးတစ်ခုကို ဇာတ်လည်လောက်မှစ၍ ဆွဲခေါ်သွားပုံများမှာ စိတ်ဝင်စားဖွယ်ကောင်းကာ Multiverse အကြောင်း ကမ္ဘာနှစ်ခုယှဉ်ရိုက်ပြရာမှ ကိုယ်ရည်ကိုယ်သွေးတစ်ခုက တခြားကမ္ဘာက လူကို အိပ်မက်မှတစ်ဆင့်မြင်နေရပုံကို မင်းသမီးကပုံဖော်ပြသသွားသည်။ (SKY)

# ဧည့်သည်တော် စပိန်ဝန်ကြီးချုပ် ပေဒရိုဆန်ချက်ဇ်အား အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ တခမ်းတနားကြိုဆို



**ဒေလီ အောက်တိုဘာ ၂၈**

စပိန်ဝန်ကြီးချုပ် ပေဒရိုဆန်ချက်ဇ် အိန္ဒိယနိုင်ငံသို့ အောက်တိုဘာ ၂၈ ရက်က အလည်အပတ်ရောက်ရှိလာရာ ၄င်းအား အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ပန်းပေါင်းစုံ ဆင်ယင်ထားသည့် ကားဖြင့် တခမ်းတနားကြိုဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၈ နှစ်ကာလအတွင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံး အလည်အပတ်ရောက်ရှိလာသော စပိန်ဝန်ကြီးချုပ်ဖြစ်သဖြင့် ဂူဂျာရတ်ပြည်နယ် ဗာဒိုဒါရာမြို့မှ ဒေသခံများက လမ်းဘေးမှ စောင့်ဆိုင်းပြီး ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါဝန်ကြီးချုပ်နှစ်ဦးသည် ထိုမြို့တွင် မကြာသေးမီက ဆောက်လုပ်ပြီးစီးသွားသော အိန္ဒိယနှင့် စပိန်ဖက်စပ် စစ်လေယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းစစ်လေယာဉ်စက်ရုံကို တာတာအဆင့်မြင့်စနစ်များကုမ္ပဏီနှင့် အဲဘတ်စ်ကုမ္ပဏီတို့ ဖက်စပ်ရင်းနှီးမြှုပ်နှံကာ စစ်လေယာဉ်များ ထုတ်လုပ်သွားမည်ဟု ဆိုသည်။

လာမည့် ၂၀၂၆ ခုနှစ်တွင် ထိုစက်ရုံမှ အိန္ဒိယနိုင်ငံလုပ် စီ ၂၉၅ လေယာဉ်များ ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0



တရုတ်နိုင်ငံ ကွေယန်းပြည်နယ်တရားရုံးက ကလေး ၁၇ ဦးကို လူကုန်ကူးမှု ကျူးလွန်ခဲ့သည့် အသက် ၆၁ နှစ်အရွယ် ယူဟွာယင်းကို အောက်တိုဘာ ၂၅ ရက်က သေဒဏ်စီရင်ချက် ချမှတ်နေစဉ်။

Mon

# ဘူလ်ဂေးရီးယား ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် လက်ယာပါတီ အနိုင်ရသော်လည်း မဲပမာဏ မပြည့်မီ

**ဆိုဖီယာ အောက်တိုဘာ ၂၈**

၂၀၂၄ ခုနှစ် ဘူလ်ဂေးရီးယား ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အောက်တိုဘာ ၂၇ ရက်က အတည်ပြုသည့် ရလဒ်အရ လက်ယာပါတီ အနိုင်ရသော်လည်း မဲပမာဏ မပြည့်မီခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျီအီးအာဘီဟု အတိုကောက်ခေါ်ဝေါ်သော လက်ယာပါတီက ထောက်ခံမဲ ၂၆ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ပထမနေရာ၊ ပီပီပါတီက ထောက်ခံမဲ ၁၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၊ အမျိုးသားရေးပါတီက ထောက်ခံမဲ ၁၂ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာ အသီးသီးရရှိခဲ့သည်။

ဇွန် ၉ ရက်က ပြီးဆုံးခဲ့သော ရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးပါတီကမျှ ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းပြည့်အောင် မရသဖြင့် ယခုထပ်မံယှဉ်ပြိုင်အရွေးခံခဲ့ကြခြင်း ဖြစ်သည်။

ဂျီအီးအာဘီလက်ယာပါတီက ဦးဆောင်ကာ ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရမည်ဖြစ်ရာ ပေါ်ထွက်လာမည့် ရလဒ်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်ဟောင်း နီကိုလိုင်ဒင်ကော့ဗ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0



# ရွေးကောက်ပွဲ၌ အယ်လ်ဒီပီပါတီ ရှုံးနိမ့်သော်လည်း ရှီဂေးရုအိရှီဘ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်မည်

**တိုကျို အောက်တိုဘာ ၂၈**

ပြီးဆုံးသွားသော ကြားဖြတ်ရွေးကောက်ပွဲ၌ အယ်လ်ဒီပီပါတီ ရှုံးနိမ့်သော်လည်း မိမိဆက်လက်၍ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်သွားမည်ဖြစ်သည်ဟု ရှီဂေးရုအိရှီဘ အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အယ်လ်ဒီပီပါတီအပေါ် အများပြည်သူ၏ ပြင်းပြသောလိုလားမှုကို ပြသသည့် အဆိုပါ မဲရလဒ်ကို ကျိုးနွံစွာ ခံယူရမည်သာဖြစ်သည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

၁၉၉၅ ခုနှစ်ကတည်းက ဂျပန်နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် အနိုင်ရခဲ့သည့် အစဉ်အလာကြီးမားသော အယ်လ်ဒီပီပါတီ အနေဖြင့် ပါလီမန်ရွေးကောက်ပွဲ၌ ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ရက် ၃၀ အတွင်း ခေါ်ယူသော ပါလီမန်က ရှီဂေးရုအိရှီဘကို ဝန်ကြီးချုပ်အဖြစ် ဆက်လက်တင်မြှောက်မည်၊ မမြှောက်မည်ကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂါဇာကမ်းမြောင်ဒေသ၌ နှစ်ရက် အပစ်ရပ်ရန် အီဂျစ်သမ္မတ အယ်လ်စီစီက အဆိုပြုတင်ပြ



**ကိုင်ရို အောက်တိုဘာ ၂၈**

ဂါဇာကမ်းမြောင်ဒေသ၌ နှစ်ရက် အပစ်အခတ်ရပ်စဲရန် အီဂျစ်သမ္မတ အက်ဘ်ဒဲလ်ဖတ်တာအယ်လ်စီစီက အောက်တိုဘာ ၂၇ ရက်တွင် အဆိုပြုတင်ပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစ္စရေးဓားစာခံ လေးဦးနှင့် ပါလက်စတိုင်းအကျဉ်းသားများ အပြန်အလှန် လဲလှယ်နိုင်ရန်အတွက် ၄င်းက ယင်းကဲ့သို့ အဆိုပြုတင်ပြခြင်း ဖြစ်သည်။

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်ပစ်မှတ်များကို အင်အားသုံးတိုက်ခိုက်နေဆဲဖြစ်သော်လည်း ဓားစာခံနှင့် အကျဉ်းသားလဲလှယ်ရေးအတွက် အပစ်အခတ်ရပ်စဲရာမှ အပြီးအပိုင်အပစ်အခတ်ရပ်စဲရန်အထိ အယ်လ်စီစီက မျှော်မှန်းနေကြောင်း သိရသည်။

Mon

0-0-0-0-0

## အစ္စရေးနိုင်ငံ တယ်လဗီမြို့ရှိ ဘတ်စ်ကားမှတ်တိုင်၌ ကားစောင့်နေသူများကို ကုန်ကားတစ်စီး ဝင်တိုက်

**ဂျေရုဆလင် အောက်တိုဘာ ၂၈**

အောက်တိုဘာ ၂၇ ရက်က အစ္စရေးနိုင်ငံ တယ်လဗီမြို့လယ်ရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ကားစောင့်နေသူများကို ကုန်ကားတစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရာမတ်ဟရှရွန်ရပ်ကွက် အဟာရွန်ယရိဗ် လမ်းမကြီးဘေးရှိ ဘတ်စ်ကားမှတ်တိုင်တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီကျော်က ထိုယာဉ်တိုက်မှုဖြစ်ပွားကာ လူပေါင်း ၄၀ ဦး ဒဏ်ရာရရှိခဲ့သည်။

တမင်ရည်ရွယ်ကာ ကားစောင့်နေသူများကို ဝင်တိုက်ခဲ့သည်ဟု ယူဆကာ ကုန်ကားမောင်းသူကို အစ္စရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာတွင် သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း သိရသည်။

Mon

0-0-0-0-0

# ပြည်တွင်းစည်းမျဉ်းနှင့် မကိုက်ညီသဖြင့်ဟုဆိုကာ အင်ဒိုနီးရှားနိုင်ငံတွင် အိုင်ဖုန်း ၁၆ ရောင်းခွင့်မရ

**ဂျကာတာ အောက်တိုဘာ ၂၈**

ပြည်တွင်းစည်းမျဉ်းနှင့် မကိုက်ညီသဖြင့်ဟုဆိုကာ အက်ပဲလ်ကုမ္ပဏီလုပ် အိုင်ဖုန်း ၁၆ အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းခွင့်မရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မည်သည့်ထုတ်ကုန်မဆို အစိတ်အပိုင်း ၄၀ ရာခိုင်နှုန်းထက်မနည်း ပြည်တွင်း၌ ထုတ်လုပ်မှသာ အင်ဒိုနီးရှားဈေးကွက်တွင် ရောင်းခွင့်ရှိစေရမည်ဟု အစိုးရက စည်းမျဉ်းချမှတ်ထားသဖြင့် ရောင်းခွင့်မရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာန ပြောခွင့်ရသူ ဖေဘရီဟင်ဒရီအန်တိုနီအရိဖ်က ရှင်းလင်းပြောကြားသည်။

စက်တင်ဘာလက ထွက်ရှိလာသော အိုင်ဖုန်း ၁၆ ကို အင်ဒိုနီးရှားဈေးကွက်၌ ဖြန့်ဖြူးရောင်းချရန် မဖြစ်နိုင်တော့ခြင်းနှင့် ပတ်သက်၍ အက်ပဲလ်ကုမ္ပဏီဘက်က ချက်ချင်းမတုံ့ပြန်ဘဲ တိတ်ဆိတ်နေခဲ့သည်။

လွန်ခဲ့သော ဧပြီလက အက်ပဲလ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် တင်မ်ကွတ်ခ် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့စဉ်က စက်မှုဝန်ကြီး အဂတ်စ်ဂူမီဝမ်ကာတာဆာစမီတာနှင့် တွေ့ဆုံဆွေးနွေးသော်လည်း အဆိုပါစည်းမျဉ်းကိစ္စ ပါ၊ မပါ သတင်းမထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပြောင်းပြာချောင်းရေမြင့်တက် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း၊ အုတ်တံတိုင်းပြိုကျမှု ဖြစ်ပွား

**မြင်းခြံ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီ ၅၅ မိနစ်ခန့်က ပြောင်းပြာချောင်းရေမြင့်တက်မှုဖြစ်ပွားပြီး မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့်အမှတ်(၅)ရပ်ကွက်တို့တွင် ရေများ ဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြင်းခြံခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ချောင်းအနီးရှိ အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

အလားတူ မြင်းခြံမြို့အမှတ်(၁၀)ရပ်ကွက်၊ နယ်မြေ(၇)အတွင်းတွင် အောက်တိုဘာ ၂၅ ရက် နံနက် ၄ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဟာဝါဠုကာရာမသဲပြင်ကျောင်းတိုက်၊ ဘုရားလေးဆူစေတီအရှေ့ဘက်ရှိ အမြင့်၈ ပေ၊ အလျား ၁၅၀ ပေခန့်ရှိ အုတ်တံတိုင်းပြိုကျမှုဖြစ်ပွားခဲ့သဖြင့် မြင်းခြံခရိုင် မီးသတ်စခန်းမှသန္တေမီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ မစိုးရိမ်ရတို့အား လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြင်းခြံခရိုင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

(အပေါ်ပုံ)

(၀၄၅)

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ဘိန်းဖြူ ၈ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ည ၆ နာရီခွဲက ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ်(၉)လမ်းတွင် ရှိဒိန်းလျှန်နှာ မောင်းနှင်ပြီး မောင်မောင်နိုင်ဝင်း(ခ)မောင်နိုင် ဆိုသူ လိုက်ပါလာသည့် TOYOTA MARK II မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဆပ်ပြာခွက် ၂၀၀ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၂ ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီခွဲက ဘိန်းဖြူများရောင်းချခိုင်းသူ မျိုးကိုဦးနှင့် မဆန်ချင်းတိလ် ဆိုသူတို့ နှစ်ဦးအား ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ နယ်မြေ(၁၀)၊ ဘုရင့်နောင်လမ်းဆုံတွင် ဆပ်ပြာခွက် ၆၆၀ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၆ ဒသမ ၆ ကီလို၊ TOYOTA MARK II မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသည့် ဘိန်းဖြူများအား မန္တလေးမှ ဖိုးကျော်(ခ)ကျော်ကျော်(ခ)မော်သင်းနှင့် (ဇနီး) မခင်မိုးနွယ်(ခ)မိုးနွယ်တို့၏ အစီအမံဖြင့် မိတ္ထီလာကူးစက်အဟောင်းများအတွင်း သိုဝှက်ပြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၄င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Toyota Dyna Truck တစ်စီးကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မကွေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero သုံးစီး၊ Toyota Hiace တစ်စီး၊ စက်မှုဇုန်ထုတ်Sein Tun MPV Wagon တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)

အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန် များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်ပါ၍ ၄င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## သာစည်မြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**သာစည် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်နယ်မြေ၊ ကူပြင်ကျေးရွာတွင် ခြောက်ဘီးမော်တော်ယာဉ်နှင့်အတူ အမျိုးသားသုံးဦးအား တရားမဝင်သစ်များနှင့်အောက်တိုဘာ ၂၇ ရက် နံနက် ၁ နာရီက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့်အဖွဲ့သည် သတင်းအရ ကူပြင်ကျေးရွာ၊ ဘောလုံးကွင်းအနီးလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် MDY/9E----- ၆ ဘီး မော်တော်ယာဉ်အား အသိသက်သေများဖြင့် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းနီတွတ်နှင့်ယာဉ်နောက်လိုက် ဖိုးသန့်ဇင်၊ သက်နိုင်ဦး ဆိုသူတို့အား တွေ့ရပြီး ယာဉ်နောက်ခန်းမှ သစ်မာပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၃၁ချောင်း၊ တန်ချိန် ၀ ဒသမ ၅၂၃၈ တန်၊ ကျွန်းခွဲသားဆိုဒ်စုံ ၁၃၈ ချောင်း၊ တန်ချိန် ၂ ဒသမ ၅၉၂၈ တန်အား တွေ့ရှိခဲ့ပြီး ခွင့်ပြုမိန့် မရရှိဘဲ တစ်တန်ထက်ပို၍ တင်ဆောင်လာသဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါကျွန်းခွဲသားဆိုဒ်စုံနှင့် သစ်မာပျဉ်းကတိုးခွဲသားဆိုဒ်စုံများအား(၆)ဘီး မော်တော်ယာဉ်ဖြင့် တရားမဝင်တင်ဆောင်လာကြသူ ယာဉ်မောင်း နီတွတ် ၂၉ နှစ်၊ ယာဉ်နောက်လိုက် ဖိုးသန့်ဇင် ၂၈နှစ်၊ သက်နိုင်ဦး ၁၇ နှစ်(ရေပေါင်းစုံကျေးရွာ၊ သာစည်မြို့နယ်) နေထိုင်သူများနှင့် သစ်ပိုင်ရှင် ဦး×××××(စီစစ်ဆဲ)တို့အား ယင်းမာပင်နယ်မြေရဲစခန်းတွင် အရေးယူဆောင်ရွက်ထားသည်။

(ဝဲပုံ)

(၀၅၇)



၀-၀-၀-၀-၀-၀-၀

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန် လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိ


တရားခံ ဖိုးလပြည့်(သေဆုံး)


တရားခံ ပိုင်မင်းထက်(သေဆုံး)


တရားခံ ငွေစိုး





ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန်လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးကို လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၂၈

အကြမ်းဖက် သမားများ အနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၂)ရပ်ကွက် ပတ္တမြားလမ်းရှိ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်း အနီး၌အမျိုးသားနှစ်ဦး မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် လဲကျနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၈)ရပ်ကွက်နေ ဖိုးလပြည့် (၂၉)နှစ် (ဘ)ဦးသက်တိုးနှင့် အမှတ်(၉၄)ရပ်ကွက်နေ ပိုင်မင်းထက်(၂၀)နှစ် (ဘ)ဦးတင်ဝင်းတို့ နှစ်ဦးကို မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် ဆေးကုသပေးနိုင်ရေး အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)သို့ ပို့ဆောင်၍ ထိန်းသိမ်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ယင်းနေ့ နံနက် ၄ နာရီခွဲတွင် ဖိုးလပြည့်၊ ပိုင်မင်းထက်နှင့် အောင်နိုင်ထွန်း(ခ)ကရင်တို့သည် ငွေစိုး(၄၀)နှစ် မောင်းနှင်သည့် Toyota Corolla အမျိုးအစား YGN AA-4000 နံပါတ်ပါ အဖြူရောင်အငှားယာဉ်ဖြင့် အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို မိုင်းထောင်ဖောက်ခွဲရန် သွားရောက်စဉ် အဆိုပါရုံးအနီး အရောက်၌ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် လက်လုပ်မိုင်းမှာ ပေါက်ကွဲခဲ့သဖြင့် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးတွင် မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အောင်နိုင်ထွန်း(ခ)ကရင်မှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့ကာ ယာဉ်မောင်းဖြစ်သူ ငွေစိုးက ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးကို တင်ဆောင်၍ ဆက်လက်မောင်းနှင်ကာ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်း အနီးအရောက်၌ ယာဉ်ပေါ်မှ ချထားခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့ နှစ်ဦး၏ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်မောင်း ငွေစိုးအား ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် မေယဝတီလမ်းထောင့် အနီးတွင် ငွေစိုးအား ၎င်းမောင်းနှင်သည့် အဖြူရောင်အငှားယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်ကို အသေးစိတ် စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ သံပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိ တရားခံသုံးဦးအနက် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့မှာ ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး တရားခံငွေစိုးအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူ တရားခံ အောင်နိုင်ထွန်း(ခ)ကရင်အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို အောက်တိုဘာ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ရဲပဒိုင်းကျေးရွာနှင့်ရွာသစ်ကျေးရွာအကြား နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ရဲပဒိုင်းကျေးရွာအတွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက်ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကာ ဆုတ်ခွာထွက်ပြေးစဉ် လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအနီးတွင် တိုက်ပွဲများဖော်ဆောင်ပြီး ၎င်းတို့ ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် အတွက် ပြည်သူများ၏ နေအိမ်များအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးနေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Get Well Soon Myanmar Platform" Facebook Page အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကြို့ကုန်း(အနောက်)ရပ်ကွက်နေ သူရထွန်းအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ) သားကြီးနှင့် ရဲဝင်းသူတို့အား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရလဒ်ဆိုးများကြောင့် တန်ဟက်ဂ်အား နည်းပြရာထူးမှ မန်ချက်စတာယူနိုက်တက်အသင်း ထုတ်ပယ်

**မန်ချက်စတာ အောက်တိုဘာ ၂၈**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြတန်ဟက်ဂ်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၉)ပွဲကစားအပြီးတွင် ရမှတ် ၁၁မှတ်ဖြင့် အဆင့် ၁၄နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြတန်ဟက်ဂ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တန်ဟက်ဂ်သည် မန်ချက်စတာယူနိုက်တက်အသင်းအား ၂၀၂၂ခုနှစ် မေ ၂၃ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၂၈ပွဲ ကိုင်တွယ်ခဲ့ရာ ပွဲ ၇၀နိုင်၊ ၂၃ပွဲသရေ၊ ၃၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် နည်းပြ တန်ဟက်ဂ်အား ရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ် မခန့်အပ်မီ အချိန်ကာလအတွင်းတွင် လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်နေသော နစ္စတယ်ရွိုင်းအား ယာယီနည်းပြအဖြစ် တာဝန်ပေးထားခဲ့ကြောင်း သိရသည်။ **(NGB)**

အားကစားမြင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင်မူးယစ်ဆေး။



## မိတ္ထီလာမြို့နယ် စက်မှုဇုန်၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရွေးချယ်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရွေးချယ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက စက်မှုဇုန်ခန်းမတွင် ကျင်းပခဲ့သည်။

မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရွေးချယ်ပွဲတွင် မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ စိစစ်ရွေးချယ်ရေးကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ ဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ စိစစ်ရွေးချယ်ရေးအဖွဲ့သည် စက်မှုဇုန်အသီးသီးတွင် လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်နည်းဥပဒေ (၇)နှင့် နည်းဥပဒေ (၈)တို့အညီ မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများအား စက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များထဲမှ ရွေးချယ်သွားရန် အစုအဖွဲ့အလိုက် ဆန်ခါတင်ကိုယ်စားလှယ်လောင်း ၃၀ ဦး ရွေးချယ်ထားပြီး ယင်းတို့အနက်မှ ၁၄ ဦး အတည်ပြု ရွေးချယ်နိုင်ရန်အတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မိတ္ထီလာခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းကြိုင်က မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရွေးချယ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကော်မတီ အတည်ပြု ၁၄ ဦး အပြီးသတ်ရွေးချယ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ သည်။ ထို့နောက် ရွေးချယ်ထားသည့် စီမံခန့်ခွဲရေးကော်မတီ ပဏာမကိုယ်စားလှယ် ၃၀ ဦး၏ အမည်စာရင်းကို ကြေညာ၍ အတည်ပြုခဲ့သည်။

ထို့နောက် ရွေးချယ်ပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်များက ရွေးချယ်ထားသည့် စီမံခန့်ခွဲရေးကော်မတီ ပဏာမကိုယ်စားလှယ် ၃၀ ဦးအနက်မှ ကော်မတီဝင် ၁၄ ဦးကို မဲပေး၍ အပြီးသတ် ရွေးချယ်ခဲ့သည်။

ထို့နောက် ရွေးချယ်ပြီး ကော်မတီဝင် ၁၄ ဦးနှင့် ဌာနဆိုင်ရာ ၇ ဦး စုစုပေါင်း ၂၁ ဦးအား စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် အတည်ပြုခဲ့သည်။ ထို့နောက် မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီစိစစ်ရွေးချယ်ရေးကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့်အတူ စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**(၄၆၉)**

## ရုရှားခရီးသွားများ ပြည်တွင်းမှ ခရီးစဉ်ဒေသ ၄ ခုသို့ အချိန်တိုအတွင်း လည်ပတ်နိုင်ရန် လေကြောင်းလိုင်း စီစဉ်ထား

**မန္တလေး အောက်တိုဘာ ၂၈**

ပြည်တွင်းသို့ လာရောက်လည်ပတ်ကြမည့် ရုရှားခရီးသွားများအတွက် ခရီးစဉ်ဒေသ ၄ ခုသို့ အချိန်တိုနှင့် အမြန်ဆုံးလည်ပတ်နိုင်ရန် ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး လေကြောင်းလိုင်းပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ပြည်ပခရီးသွားများဖြစ်သည့် ရုရှားခရီးသွားများအတွက် Tour Operator, Tour Agency များပါဝင်သည့် ခရီးသွားမြှင့်တင်ရေး အစီအစဉ်ဖြစ်သည်ဟု ဆိုသည်။

"အဓိကခရီးစဉ်တွေဖြစ်တဲ့ ချောင်းသာ၊ ငွေဆောင်ကမ်းခြေနဲ့ အခြားဒေသတွေကို သွားရောက်လည်ပတ်နိုင်ဖို့အတွက် လေကြောင်း ခရီးစဉ်သစ်ပြေးဆွဲပေးနေပါတယ်။ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားတဲ့ ရုရှားခရီးသွားဧည့်သည်တွေအတွက် ဗီဇာကင်းလွတ်ခွင့်ကို တစ်နှစ်ထပ်မံခွင့်ပြုပေးထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။



ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လာတော့မည်ဖြစ်ရာ ခရီးသွားကဏ္ဍနှင့် သက်ဆိုင်သည့် လုပ်ငန်းများအနေဖြင့် အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ထားရှိကြောင်း၊ ယခုလေကြောင်းလိုင်းပြေးဆွဲခြင်းဖြင့် မြန်မာနှင့်ရုရှားနှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖလှယ်ရေးခရီးလမ်းကြောင်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြောကြားရာတွင် "ပြည်တွင်းကိုလာတဲ့ ပြည်ပခရီးသွားအများစုက ငွေဆောင်၊ ချောင်းသာကမ်းခြေတွေနဲ့ မန္တလေး၊ ပုဂံညောင်ဦးစတဲ့ ဒေသတွေကို မဖြစ်မနေလာကြတယ်။ မန္တလေးဆိုရင် တောင်သမန်ဦးပိန်တံတားပေါ့။ ဒီလို ခရီးစဉ်တွေ လာရောက်ကြတဲ့အတွက် ဒေသခံအသီးသီးအတွက် အဆင်ပြေသလို ခရီးသွားကဏ္ဍတိုးတက်လာမယ်"ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-၉)**

## သမိုင်းအမွေအနှစ်များဖြစ်သည့် ရှေးကျောင်းကြီးများ၏ လက်ရာများအကြောင်းသိရှိရန် သင်တန်းဖွင့်လှစ်



**မန္တလေး အောက်တိုဘာ ၂၈**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)တွင် သမိုင်းဝင် အမွေအနှစ်များဖြစ်သည့် ရှေးဟောင်းကျောင်းတော်ကြီးများ၏ လက်ရာများနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိပြီး သမိုင်းတန်ဖိုးသိရှိနားလည်စေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၁ ရက်မှ စတင်၍ နိုဝင်ဘာ ၈ ရက်အထိ မျှဝေ ရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပွဲ ပထမပိုင်းတွင် စာတွေ့ရှင်းလင်းမျှဝေပေးမှာဖြစ်ပြီး နောက်ဆုံးအပိုင်းတွင် ရှေးဟောင်းကျောင်းတော်ကြီးများရှိရာသို့ မြေပြင်ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

"မန္တလေးမှာရှိနေတဲ့ ရှေးဟောင်းသမိုင်းဝင်ကျောင်းကြီးတွေအကြောင်းကို ရှင်းလင်းပြောကြားတဲ့အခါ ပိုမိုထိရောက်စေချင်လို့ ရည်ရွယ်ပြီး ဖွင့်လှစ်မျှဝေတာဖြစ်တယ်။ မန္တလေးအနီးပတ်ဝန်းကျင်မှာကြည့်ရင် အစဉ်အလာကောင်းတဲ့ ကျောင်းကြီးတွေရှိတယ်။ နန်းတော် နန်းဆောင်တွေကို သဒ္ဓါကြည်ဖြူလို့ ကျောင်းဆောက်လှူတာတွေ ရှိတယ်။ အနောက်တိုင်း ယဉ်ကျေးမှုလွှမ်းမိုးတဲ့ ကျောင်းကြီးတွေလည်း ရှိပါတယ်"ဟု ၎င်းက ပြောသည်။

တက်ရောက်သူများမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မန္တလေးတက္ကသိုလ်သမိုင်းဌာနမှ ဆရာ၊ ဆရာမများ၊ မဟာတန်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအပြင် စိတ်ဝင်စားသူဝန်ထမ်းများကလည်း Online မှတစ်ဆင့် တက်ရောက်ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၃၁၉၀ ဧက လျာထား စိုက်ပျိုး

**တပ်ကုန်း အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာစသည့် သီးနှံမျိုးစုံ ၂၃၁၉၀ ဧကလျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆီထွက်သီးနှံမျိုးစုံ ထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်များသုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထား စိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၀၇၉၄ ဧက၊ နှမ်း ၁၁၃၆၇ ဧကနှင့် နေကြာ ၁၀၃၇ ဧက၊ စုစုပေါင်း ၂၃၁၉၈ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အောင်မြင်အောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တန်ဆောင်တိုင်အကြို ဈေးရောင်းပွဲတော်အဖြစ် မြေပဲဆီနှင့် နှမ်းဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသွားမည်

တန်ဆောင်တိုင်အကြို ဈေးရောင်းပွဲတော်အဖြစ် မြေပဲဆီ၊ နှမ်းဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးသွားမည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်းမှကြီးမှူး၍ ပြည်တွင်း ပဲဆီစားသုံးမှုကို မြှင့်တင်ခြင်းနှင့် ပြည်ပမှ ဆီတင်သွင်းမှုကို လျှော့ချနိုင်စေရန် တန်ဆောင်တိုင်ပွဲတော် ဈေးရောင်းပွဲတော်အဖြစ် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ မန္တလေးမြို့၊ Diamond Plaza Promotion Area တွင် ဈေးနှုန်းသက်သာစွာဖြင့် စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဈေးရောင်းပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချမည့်ဆီများမှာ FDA လက်မှတ်ရပြီး ဆီအရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုရှိရမည့်အပြင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော အမှတ်တံဆိပ်၊ ဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေများနှင့်လည်း ကိုက်ညီသည့် အရည်အသွေးကောင်း ပဲဆီသန့်ကို ထုတ်လုပ်စရိတ် အရင်းအတိုင်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးသွားရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒု-ဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"တန်ဆောင်တိုင်ဈေးရောင်းပွဲတော်အဖြစ် ဆီအသင်းကနေ မြေပဲဆီသန့်ကို တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ နဲ့ ၅၀ ကျပ်သားကနေ ၁၀ ပိဿာပုံးနဲ့ လိုအပ်သလောက် ပွဲတော်ရက်အတွင်း ရောင်းချပေးသွားမှာပါ။ ဘူးထုပ်ပိုးမှ အပါအဝင် ရောင်းချတဲ့ဈေးမို့ ဒီဆီဈေးက အပြင်ထက် သက်သာတဲ့ဈေးပါ။ ပွဲတော်ကာလအတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီ အတွင်း ဖုန်းဆက်မှာယူလိုပါက အိမ်အရောက် ပို့ဆောင်ပေးပါမယ်"ဟု ၎င်းက ပြောသည်။

ဈေးရောင်းပွဲတော် ကာလအတွင်း အိမ်အရောက် မှာယူလိုပါက ဖုန်းနံပါတ် ၀၉-၇၉၂၂၂၂၉၁၁ သို့ နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း မှာယူပါက အိမ်အရောက် ပေးပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**



## ယခုဘဏ္ဍာနှစ်၏ ခြောက်လအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုတွင် စက်တင်ဘာလ၌ အများဆုံးဟု ဆို



ပြည်တွင်း စားသုံးမှုမှ ပိုလျှံသော ဆန်၊ ဆန်ကွဲကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ယခုဘဏ္ဍာနှစ်၏ ၆ လတာ ကာလတွင် တင်ပို့ခဲ့သည့် စာရင်းများအရ စက်တင်ဘာလ၌ အများဆုံးဖြစ်၍ ပို့ကုန်ဝင်ငွေလည်း အများဆုံးရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

စက်တင်ဘာလတွင် ဆန် စပါးတန်ချိန် ၂၁၉၀၀၀ ကျော် တင်ပို့ခဲ့ရာမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိခဲ့သည်ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြည်ပကို တင်ပို့ရာမှာ ပြည်တွင်းက ပိုလျှံတာကိုပဲ တင်ပို့တာဖြစ်ပါတယ်။ ခု ဘဏ္ဍာနှစ်ရဲ့ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ဆန်၊ ဆန်ကွဲတင်ပို့တဲ့စာရင်းတွေအရ စက်တင်ဘာလမှာ အများဆုံး တင်ပို့နိုင်ခဲ့သလို ပို့ကုန်ဝင်ငွေလည်း အများဆုံးရခဲ့တယ်"ဟု ၎င်းက ပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လအလိုက် ဆန်၊ ဆန်ကွဲ တင်ပို့မှုစာရင်းများအရ ဧပြီလတွင် တန်ချိန် ၁၁၁၀၀၀ကျော်၊ မေလတွင် တန်ချိန် ၇၂၀၀၀ ကျော်၊ ဇွန်လတွင် တန်ချိန် ၁၆၂၀၀၀ ကျော်၊ဇူလိုင်လ ၁၆၅၀၀၀ကျော်၊ ဩဂုတ်လ တန်ချိန် ၂၀၇၀၀၀ ကျော်၊ စက်တင်ဘာလတွင် တန်ချိန် ၂၁၉၀၀၀ ကျော်တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅၈ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

"ပြည်ပကို ပင်လယ်ရေကြောင်းနဲ့ အများဆုံး တင်ပို့တယ်။ တရုတ်နိုင်ငံဘက်ကတော့ ဆန်ကွဲဝယ်တာများတယ်။ ယခုဘဏ္ဍာနှစ်ရဲ့ ခြောက်လတာကာလအတွင်း ပြည်ပတင်ပို့မှုကို ကြည့်ရင် မေလမှာ အနည်းဆုံးနဲ့ စက်တင်ဘာလမှာ အများဆုံးပဲ။ သင့်တင့်မျှတဲ့ ဈေးနှုန်းဖြစ်အောင် လစဉ်ရည်ညွှန်းဈေးထုတ် ပြန်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ရန် ရည်မှန်းထားရာ ခြောက်လတာကာလအတွင်း တန်ချိန် ၉၃၀၀၀၀ ကျော်တင်ပို့ပြီးဖြစ်ကြောင်း၊ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ဆန်၊ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၈၄၅ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



## ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် တအုံ(န)ကျေးရွာ၌ ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တအုံ(န)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၇ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ် ၅ သန်း၊ စုစုပေါင်း အသင်းသား ၊ အသင်းသူ ၁၀၇ ဦးကို ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

o-o-o-o-o-o-o

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။




## (၁၈)ကြိမ်မြောက် မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး၊ ငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးဆရာအတတ်သင်သိပ္ပံ၊ ပညာရေးကောလိပ်သင်တန်းသား၊ သင်တန်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် ၆၈ လမ်းရှိ မန္တလေးပညာရေးဒီဂရီကောလိပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးဒေါ်မိုးမိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဦးဝင်းထွန်းထွန်းနှင့် တက်ရောက်လာသော အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး ငွေများ လှူဒါန်းကြသည်။

(၁၈)ကြိမ်မြောက် မန္တလေးဆရာအတတ်သင်သိပ္ပံ ပညာရေးကောလိပ် အာစရိယပူဇော်ပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် တနင်္ဂနွေ နံနက် ၉ နာရီတွင် ပညာတန်ဆောင်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးဆရာအတတ်သင်သိပ္ပံနှင့် ပညာရေးဒီဂရီကောလိပ် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့သွားမည် ဖြစ်သည်။

အလှူငွေလှူဒါန်းလိုသူများသည် မြို့နယ်ပညာရေးမှူးရုံးများရှိ အလှူခံဖြတ်ပိုင်းစာအုပ်များတွင်လည်းကောင်း၊ ဦးသောင်းထိုက်စိုး(အထပြ)ဖုန်း-၀၉၄၀၂၅၇၆၈၆၇နှင့် ဦးမျိုးမင်းဇော်(ကထိက) ဖုန်း-၀၉၇၉၇၃၄၆၅၈၆ သို့ ဆက်သွယ်၍ Kpay,Wavepay တို့ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## ပြည်တွင်းလက်ကျန်နည်းလာသောကြောင့် ကြက်သွန်ဖြူများ ဈေးပြန်တက်

လက်ရှိ ဈေးကွက်တွင် ကြက်သွန်ဖြူ(ရှမ်း)များ အဝယ်လိုက်လာပြီး ဈေးတက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

ကြက်သွန်ဖြူကို ပြည်တွင်း၌ အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ စတင်စိုက်ပျိုးကြခြင်းဖြစ်ပြီး လက်ကျန်နည်းနေပြီ ဖြစ်သည်။ထို့အပြင် ကြက်သွန်ဖြူက သီတင်းကျွတ်နောက်ပိုင်း အဝယ်ပြန်လိုက်ပြီး ဈေးတက်နေခြင်းဖြစ်သည်။ (အောက်ပုံ)

"စိုက်ချိန်ပြန်ရောက် နေတော့ဒီလိုချိန်ဆိုဈေးတက်တယ်။ အခုအဝယ်သွက်နေတယ်။ အခုပြန်စိုက်ဖို့ တောင်သူတွေ ပြန်ဝယ်ယူနေတာတွေရှိတယ်။ နောက်ပြီး သယ်ယူပို့ဆောင်ရေးတွေ ခက်ခဲတာကြောင့် ကြက်သွန်ဖြူဈေးက ပြန်တက်လာတာ"ဟုကုန်သည်တစ်ဦးက ပြောသည်။

မုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးအခက်ခဲများရှိကာ ပစ္စည်းအဝင်နည်းလာ၍ ရှမ်းကြက်သွန်ဖြူများအပြင် တရုတ် ကြူကုတ် ကြက်သွန်များပါ အမြင့်ဈေးတွင် ရှိနေခြင်းဖြစ်သည်။

"ရာသီကုန်သွားလို့ ရှမ်းကြက်သွန်တွေ အဝင်နည်းတယ်၊ ဈေးကွက်အရ ကြူကုတ်မရှိရင် ရှမ်းကထိုးတက်မှာ ရှမ်းမရှိရင် ကြူကုတ်က တက်တယ်။ ရှမ်းမြောက်ပိတ်ထားရင် ကြူကုတ်အဝင်နည်းသွားမှာပဲ။ အခုက အဝယ်သွက်နေကြတယ် ဈေးတက်မှာပဲ"ဟု ပို့ကုန်တစ်ဦးက ပြောသည်။

ပြည်တွင်းနယ်စပ်အခြေအနေများကြောင့် တရုတ်နိုင်ငံမှ တရားမဝင် ကြက်သွန်ဖြူဝင်ရောက်မှုနည်းနေခြင်းဖြစ်သည်။လက်ရှိ ဘုရင့်နောင်ကုန်စည် ဒိုင်တွင် ကြက်သွန်ဖြူ ကြူကုတ် ရှယ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅-၀၀ မှ၁၅၈၀၀အထိ ပေါက်ဈေးရှိပြီး အောင်ပန်းထူး-၂ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀နှင့် အောင်ပန်းထူး၃ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀နှင့် အောင်ပန်းထူး၄ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ၊ အောင်ပန်းထူး ၅ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ အထိ အသီးသီးပေါက်ဈေးရှိသည်။

ပြီးခဲ့သည့် အပတ်ဖြင့် ယှဉ်ပါက မန္တလေးဈေးကွက်တွင် ကြူကုတ်က တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ဈေးကျဆင်းပြီး ကြက်သွန်ဖြူ(ရှမ်း)ထူးက အရွယ်အစားပေါ်မူတည်ကာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀မှ ၂၅၀၀ အထိ မြင့်တက်နေသည်။

မန္တလေးဈေးကွက်တွင် ကြူကုတ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ဖြစ်ပြီး ထူး ၁ တစ်ပိဿာလျှင် ငွေကျပ်၁၀၀၀၀၊ အောင်ပန်းထူး၂ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀နှင့် အောင်ပန်းထူး ၃ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ နှင့် အောင်ပန်းထူး ၄ တစ်ပိဿာလျှင် ငွေကျပ်၁၂၅၀၀၊ ထူး ၅ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀အထိ အသီးသီးပေါက်ဈေးရှိနေသည်။

ကြက်သွန်ဖြူအား ရှမ်းပြည်နယ်၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ ပင်လောင်းမြို့နယ်နှင့် ဟိုပုံးမြို့တို့မှာ အဓိကထားစိုက်ပျိုးကြပြီး မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြက်သွန်ဖြူ ပိဿာချိန် သိန်း ၅၀ ခန့် စားသုံးလျက်ရှိသည်။

ကြက်သွန်ဖြူအသစ်များမှာ ဖေဖော်ဝါရီလလယ်မှစ၍ မေလအထိ ဈေးကွက်တွင်း ဝင်လေ့ရှိကြောင်း သိရသည်။



**ရွှေမန်း**

o-o-o-o-o-o-o

## ဆင်ဖြူကုန်ထုတ်လမ်း ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေအား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**မြစ်သား အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်း ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သဖြင့် ကတက္ကုန်းကျေးရွာ ဆင်ဖြူကုန်ထုတ်လမ်း ရေတိုက်စား၍ ထိခိုက်ပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူးဒေါ်တင်တင်မာ၊ ဦးစိုးထက်လှ (ဦးစီးအရာရှိ-နည်းပညာ)နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ လိုက်ပါ၍ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ကတက္ကုန်းကျေးရွာ ဆင်ဖြူကုန်ထုတ်လမ်းတစ်လျှောက် ရေတိုက်စား၍ လမ်းပျက်စီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုတိုင်းတာ စစ်ဆေးခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရန်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးသည့် ကုန်ထုတ်လမ်းအား အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ချပြရှင်းလင်း ဆွေးနွေးပြောကြားသည်။

မြစ်သားမြို့နယ် ကတက္ကုန်းကျေးရွာ ဆင်ဖြူကုန်ထုတ်လမ်း အရှည်(၂)မိုင် ၂ဖာလုံ လမ်းကျယ် ၁၂ပေ၊ လမ်းအမြင့်ထု ၂ပေ ကိုးလက်မ ကုန်ထုတ်လမ်းကို ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ခနထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ယခုရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကုန်ထုတ်လမ်း အရှည်ပေ ၂၂၀၀အား ဒေသခံတောင်သူများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ပြောပြ၍ သိရသည်။ **(အပေါ်ဝဲပုံ)(၄၄၅)**



## ဆောင်းကြက်သွန်နီစိုက်ပျိုးရန် မျိုးစေ့အဝယ်လိုက်

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ပျိုးရန်အတွက် ကြက်သွန်မျိုးစေ့ ဝယ်ယူနေရာ မျိုးစေ့အရောင်းအဝယ်လိုက်နေကြောင်း တောင်သူများထံက သိရသည်။

ရေနံချောင်းမြို့နယ် ဆောင်းသီးနှံအဖြစ် ဇန်နဝါရီလ တတိယပတ်မှ စတင်၍ ကြက်သွန်နီကို အဓိက စိုက်ပျိုးရန်တောင်သူများသည် ကြက်သွန်မျိုးစေ့အား ပျိုးထောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် တောင်သူများမှဝယ်ယူလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် ကြက်သွန်နီစိုက် တောင်သူအချို့ထံကသိရသည်။

"ကြက်သွန်မျိုးစေ့ကို ပျိုးထောင်ပြီး၊ ၄င်းပျိုးပင် (ကြက်သွန်အပင်)ကို အရှည်ဝါးတစ်ပြန်၊ အနံလူကြီးလက်နှစ်တောင်ခန့်ရှိ စိုက်မယ့်မြေကွက်မှာ စိုက်ကြပါတယ်။ ယခုအချိန်က ပျိုးထောင်ချိန်ဖြစ်တဲ့အတွက် မျိုးစေ့အရောင်းအဝယ်လိုက်တယ်"ဟု ရေနံချောင်းမြို့နယ် ရွာသစ်ကြီးကျေးရွာနေ ကြက်သွန်စိုက်သူအမျိုးသား တစ်ဦးက ပြောသည်။

ကြက်သွန်မျိုးစေ့ဈေးကွက်တွင် မျိုးစေ့တစ်ပြည်လျှင် ၁၇၀-၀၀၀ကျပ် (တစ်သိန်းခုနစ်သောင်းကျပ်)ကနေ အခြားမြို့နယ်ရှိ ကျေးရွာအချို့ကထွက်သော မျိုးစေ့မှာ ၁၅၀၀၀၀ကျပ် (တစ်သိန်းငါးသောင်းကျပ်)ဝန်းကျင် ပေါက်ဈေးရှိကြောင်း ရေနံချောင်းမြို့နယ်က တောင်သူအချို့ထံက သိရသည်။

ရေနံချောင်းမြို့နယ်၌ ကြက်သွန်ကို ဥစိုက်ကြက်သွန်နှင့် အပင်စိုက်ကြက်သွန်တို့ကို စိုက်ကြတယ်၊ ဥစိုက်ကတော့ လက်ရှိစိုက်ထားပြီးပြီ နိုဝင်ဘာလကုန်ရက်မှာ အသစ်ပေါ်မည်ဖြစ်ပြီး အပင်စိုက်ကြက်သွန်မှာ ဇန်နဝါရီမှာစိုက်ပြီး မတ်လကုန် ဧပြီလဆန်းတွင် အသစ်ပေါ်လေ့ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၇၂)

## စက်မှုလယ်ယာဦးစီးဌာနက လက်ငင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသည့် စပါးရိတ်သိမ်းခြွေလှေ့စက်နှစ်စီး တောင်သူလက်ဝယ်သို့ ပေးအပ်

**မင်းဘူး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လက်ငင်းစနစ်ဖြင့် ဝယ်ယူဖြန့်ဖြူးရောင်းချပေးခဲ့သော စပါးရိတ်သိမ်းခြွေလှေ့စက် နှစ်စီးအား တောင်သူလက်ဝယ်သို့ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက် ၉နာရီက မင်းဘူးမြို့ အမှတ်(၈) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မွန်က ဒေသတွင်း စက်မှုလယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ နှစ်စဉ်ကြုံတွေ့နေရသည့် လုပ်သားရှားပါးမှု၊ ရာသီဥတုဖောက်ပြန်မှုများကို ဖြေရှင်းပြီး စိုက်ပျိုးသီးနှံများအား အချိန်မီ ရိတ်သိမ်းခြွေလှေ့ ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာနက လက်ငင်းစနစ်ဖြင့် ယခုလို ဝယ်ယူဖြန့်ဖြူးရောင်းချပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက စာချုပ်စာတမ်း အထောက်အထားများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်နှစ်စီးအား ဒေသခံတောင်သူနှစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု လယ်ယာသုံးစက်ကိရိယာ ကူဘိုတာ စပါးရိတ်သိမ်းခြွေလှေ့စက် Kubota Combine Harvester DC.70 G (Pro) နှစ်စီးကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာဦးစီးဌာနက လက်ငင်းစနစ်ဖြင့် တစ်စီးလျှင် တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၃၀၀ ဖြင့် ဝယ်ယူ၍ ခေတ်ရှေ့ဆောင် အထွေထွေလုပ်ငန်း သမဝါယမ အသင်းမှ အသင်းဝင်နှစ်ဦးဖြစ်သော လက္ခပွင်ကျေးရွာမှ တောင်သူ ဦးသန့်စင်အောင်နှင့် ပန်းလွှားကျေးရွာအုပ်စု၊ ချင်းကုန်း(၂) ကျေးရွာမှ တောင်သူဦးသက်ထွန်းဇော်တို့အား ဌာနလက်ငင်းစနစ်ဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချပေးရခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**



စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု လယ်ယာသုံး စက်ကိရိယာများကို ဒေသခံတောင်သူများ စိတ်ကြိုက်ဝယ်ယူလိုသည့် စက်ပစ္စည်းအမျိုးအစားအလိုက် နှစ်စဉ်ဝယ်ယူပေးလျက်ရှိရာ ယခင်နှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ ယခုနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဦးစီးဌာနမှလက်ငင်းစနစ်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် နှစ်စီးကို ဒေသခံတောင်သူများအတွက် ဝယ်ယူပေးနိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြောသည်။ (၁၀၀)

## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး) AML/CFT ဥပဒေဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

**မန္တလေး အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး) AML/CFT ဥပဒေဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မန္တလေးမြို့ GREAT WALL HOTEL၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (မန္တလေး)မှ ဒုတိယရဲမှူးကြီး အောင်စိုးသန်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးအောင်တိုးတို့မှ အိမ်ခြံမြေနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ ပညာပေးသင်တန်းကို (အခမဲ့) သင်ကြားပေးကြောင်း၊ သင်တန်းသား၊ သင်တန်းသူ ၂၅၀ဦးကျော်ဖြင့် (ဒုတိယ)အကြိမ်မြောက် သင်ကြားပို့ချလျက်ရှိကြောင်း၊ ယခုသင်တန်းသည် အိမ်ခြံမြေနှင့် ပတ်သက်၍ ဥပဒေအကြောင်းအရာတွေ၊ လုပ်ငန်းပိုင်းဆိုင်ရာတွေ၊ အတွေ့အကြုံအသစ်တွေ ရရှိနိုင်ကြောင်း၊ အရောင်းမှား အဝယ်မှား မဖြစ်စေနိုင်ကြောင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ အိမ်ခြံမြေဥပဒေများကို သိရှိမှသာလျှင် လိမ်လည်မှုမခံရနိုင်ကြောင်း၊ အမှားအယွင်းမရှိစေနိုင်ရန် ယခုလို ပညာပေးဆွေးနွေးပွဲ သင်တန်းများ ပို့ချသင်ကြားပေးရခြင်းဖြစ်ကြောင်း စသည်များ ပြောကြားခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က AML/CFT ဆိုင်ရာလိုက်နာရမည့် အချက်အလက်များအား သင်ကြားပို့ချခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်ကလည်း Zoomဖြင့် အိမ်ခြံမြေနှင့်ပတ်သက်သည့် ဥပဒေအကြောင်းအရာများကို ဆက်လက်သင်ကြားပို့ချခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ဆက်လက်ပေးအပ်ခဲ့သည်။



ထို့နောက် သင်တန်းသို့ တက်ရောက်လာကြသော နာယကကြီးများနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း တိုင်း/ခရိုင်/မြို့နယ်အသီးသီးမှ အလုပ်အမှုဆောင်များ၊ သင်တန်းဆင်းလက်မှတ် ရရှိထားသူများ အားလုံးနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) နာယကကြီး ဦးအောင်စိုးမှလည်း ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ (၀၅၆)



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဇမ္ဗူသီရိ အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ခဲ့သည်။

အဆိုပါစကားဝိုင်းတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်နီလာစိုးက ဆောင်ရွက်ပြီး အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်မင်းခန့်(Grade-10)က လူငယ်နှင့်နည်းပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ကျော်ဇင်(Grade-11)က လူငယ်နှင့် ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မကြည်စင်ကျော်(Grade-11)က လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ မသီရိစံ(Grade-10)ကလူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ မရည်မွန်သန့်(Grade-10)က လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်းအသီးသီး ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်းဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်၊ စာစောင်များ၊ အသိပညာပေးနံရံကပ်ပြဘုတ်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မြန္မာလေး

## မြတ်ပညာ

* ကောင်းရာကို ကြံစည်တွေးလို့
ဘဝအရေး လုစေအမှန်
စည်းကမ်းကို အခြေခံထား
ရိုးသားကျင့်ကြံ ။

* မြတ်ပညာမျိုး ကြိုးစားမယ်
အနာဂတ်ဝယ် ကောင်းမွန်ရေး
ပျင်းစိတ်တွေ ရင်မှာမဖက်နဲ့
ရှေ့ဆက်မယ်လေး ။

* အချိန်ရှိခိုက် လုံ့လစိုက်
စိတ်မိုက်တို့ ရှောင်ကြဉ်ဖယ်
မောင်မယ်တွေ ဘဝလမ်း
ဖြောင့်တန်းဖို့ကွယ် ။

* ကိုယ့်တန်ဖိုး မြင့်မားရန်
အားမာန်တွေ စိုက်ထူရင်း
ယုံကြည်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်ပါ မင်း ။ ။

မောင်မောင်လင်းထွင်၊(နန်းတော်ရှေ့)

## လေးကျွန်းရတနာကျောင်းတိုက်တွင် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းမြို့၊ နန်းဦးအရှေ့ပိုင်း လေးကျွန်းရတနာကျောင်းတိုက်တွင် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက စာရေးဆရာ ဦးကို(စစ်ကိုင်း)ရေးသားသော 'လှပသောလက်၊ ရက်စက်သောကံ၊ မော်ဆန်သောအပြုံး၊ အမုန်းဆုံးသူမ'ဝတ္ထုတိုစာအုပ်အကြောင်း ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ ရဲသွျမ်း(အမျိုးသားစာပေဆုရ)က အဖွင့်မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ ထိုဝတ္ထုတိုစာအုပ်နှင့်ပတ်သက်၍ မေးမြန်းလိုသည့် အကြောင်းအရာများကို တက်ရောက်လာသူများက မေးမြန်းမှုများအပေါ် စာရေးဆရာဦးကို(စစ်ကိုင်း)၊ စာရေးဆရာနန္ဒာမင်းလွင်(အမျိုးသားစာပေဆုရ)၊ စာရေးဆရာ ကိုကိုကျော်တို့က ပြန်လည် ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးပွဲသို့ စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေချစ်မြတ်နိုးသူများ စုံလင်စွာ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၇၀)**

၀-၀-၀-၀-၀-၀-၀
၀-၀-၀-၀-၀





## ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၌ မိုးနေကြာစိုက်ပျိုးဧက ၁၅၅၄ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၌ မိုးနေကြာစိုက်ပျိုးဧက ၁၅၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးနေကြာစိုက်ဧက ၂၀၅၀ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးနေကြာကို ဇွန်လမှ စတင်၍ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးနေကြာစိုက်ပျိုးဧက ၁၅၅၄ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။ ယင်းသို့ စိုက်ပျိုးရာတွင်လည်း ရေဆင်း-၁(စပ်မျိုး)နေကြာများကို စိုက်ပျိုးထားရှိသည်။

မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခုနှစ်တွင် သတ်မှတ်လျာထားစိုက်ပျိုးဧကများပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေး တောင်သူများအား တစ်ဧကလျှင် ၃ ကီလိုအိတ်တစ်အိတ်နှုန်းဖြင့် နေကြာစိုက်ဧက ၅၀ အတွက် ရေဆင်း-၁(စပ်မျိုး)နေကြာမျိုးစေ့အိတ် ၅၀ တို့အား အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(၄၆၉)**



## ကျောက်တလုံးကြီးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသ

**ကျောက်တလုံးကြီး အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကျောင်းသားလူငယ်များနှင့်ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး နံရံကပ်စာစောင်ကို အောက်တိုဘာ ၂၆ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ပြသခဲ့သည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာပေ၏တန်ဖိုး၊ အသိပညာတိုးတက်စေခြင်း၊ မှတ်ဖွယ်မှတ်ရာစာပေများစသည်တို့ကို ထည့်သွင်းပြသထားကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အထိမ်းအမှတ်နေ့များ၊ အသိပညာပေးအကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများပိုမိုသိရှိစေရေး အသိပညာပေးလုပ်ငန်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**
**(မန္တလေးနေ့စဉ်-၂)**

## သတင်းပဒေသာ

### ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ရွှေစည်းခုံပုံတူ အောင်ဇမ္ဗူဆုတောင်းပြည့်စေတီတော်ကို အသစ်ပြန်လည်တည်ထားကိုးကွယ်လျက်ရှိရာ စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၇ရက် နံနက် ၉နာရီက ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြု ဗဟိုဌာနတွင် စာဖတ်ဝိုင်းဆွေးနွေး

ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀နာရီက ယင်းမာပင်မြို့၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် စာရေးဆရာချစ်စံဝင်း၏ "အတွေးများ (၁)၊ (၂)" ဆောင်းပါးအား စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းမှ ဦးကျော်ဇင်နိုင်၊ ဦးသန့်ဇင်အောင်၊ ဦးစိုးမိုးထွန်း၊ ဒေါ်ထက်ထက်အောင်တို့က စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသူများကလည်း ပါဝင်ဆွေးနွေးကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့အား ကြိုဆိုဂုဏ်ပြု

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည့် လင်းခေးခရိုင်ကိုယ်စားပြု ရှမ်းတိုင်းရင်းသား ရိုးရာအကအဖွဲ့အား ကြိုဆိုဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီခွဲက လင်းခေးမြို့ နှယ်ဝတီခန်းမ၌ ကျင်းပရာ လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဗဟိုအဆင့်၊ ခရိုင်အဆင့်တို့၌ ပြိုင်ပွဲဝင်ခဲ့ကြသည့် လင်းခေး၊ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ်မှ အကအဖွဲ့များက ရှမ်းတိုင်းရင်းသားရိုးရာအကများ၊ တစ်ပင်တိုင်အကများ၊ တိုးနယားအကနှင့် ကိန္နရီကိန္နရာအကအသီးသီးတို့ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့မွန်းလွဲ ၁ နာရီက အလယ်တန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၈**

နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းပြုလုပ်သည်။

ရွှေဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။ **(ဓဲပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝ(ဓမ္မစရိယ B.A)အရှင်မြတ်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ဘိုးဘွားမိဘများနှင့် အစ်ကို၊ အစ်မတို့အား ရည်စူး၍ ဦးစိုးသိန်း+ဒေါ်အမာစိန် သားသမီးမြေးတစ်စု(စွယ်တော်လှျပ်စစ်၊ မန္တလေးမြို့)တို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅သိန်း၊ စုစုပေါင်းငွေကျပ် ၂၅သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကဆ)**

## (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်အတွက် ပဒေသာပင်များလှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာနပဓာနနာယက ဆရာတော်နှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိက္ခ၊ ဦးဆောင်သည့် (၁၇)ကြိမ်မြောက် နယ်စပ်တောင်တန်းဒေသ စုပေါင်းမဟာဘုံကထိန်တော်အတွက် ရပ်ဝေးရပ်နီးမှ ပဒေသာပင်တစ်ပင်ကို ငွေကျပ်တစ်သိန်းတစ်သောင်းနှင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဖခင်ကြီး ဦးစိန်+ မိခင်ကြီး ဒေါ်တုတ်တို့အား ရည်စူး၍ "မိုးသူ" အဆင့်မြင့် အင်ကျင်ပိုင်မျိုးစုံ ဖြန့်ချိရေးက ပဒေသာပင် ၁၂ပင်၊ ငွေကျပ် တစ်ဆယ့်နှစ်သိန်းတစ်သောင်းကို ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ နန်းရှေ့နေ အလှူရှင် ဒေါ်ခင်မေသီ၊ ဒေါ်သန်းသန်းမြင့်(ငွေအိုးစည်) ဖိနပ်လုပ်ငန်းက ပဒေသာပင် ၅ ပင်၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် မိဘနှစ်ပါးအား ရည်စူး၍ မကျင်ကျင်ရီနှင့် မောင်နှမများ မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးတင်ဝင်း+ဒေါ်ညွန့်ညွန့်သန်း (သမီး) မချမ်းမြေ့တင်ဝင်း၊ မဆုမြတ်တင်ဝင်း၊ (ချမ်းမြေ့) မိသားစုက ပဒေသာပင် (၁)ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးအောင်မြတ်ကျော်+ ဒေါ်နွယ်နွယ်ဝင်း(မင်းကင်းအသင်း) က ပဒေသာပင် ၅ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးလေးမောင်+ ဒေါ်အုန်းရွှေ(အောင်ရတနာ၊ တောင်ငူ)ကားဂိတ်မိသားစုက ပဒေသာပင်(၃)ပင် အသီးသီး လှူဒါန်းကြကြောင်းသိရသည်။

**(အောက်ပုံ)**

**(ကဆ)**



## စဉ့်ကူးမြို့နယ်မှ ယာယီနေရပ် စွန့်ခွာ အိမ်ထောင်စုများအား ထောက်ပံ့

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များတွင် ရောက်ရှိနေကြသော စဉ့်ကူးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ၂၅ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း မြနန္ဒာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒိုင်ဒိုစီဇင်သံတဲကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်က မတ္တရာမြို့နယ် သုံးဆယ်ပေဇာတိဖွား ရန်ကုန်မြို့တွင် နေထိုင်သည့် ဒိုင်အိုစီဇင်တော်ဝင်သံတဲကျောင်းသားဟောင်း အလှူရှင်ဦးအောင်သိန်း(ကိုယ်စား)မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းနေထိုင်ကြသော စဉ့်ကူးမြို့နယ်မှ အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စဉ့်ကူးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာပညာရေးဝန်ထမ်း ၉ ဦးနှင့်အိမ်ထောင်ဦးစီး(၄၇)ဦးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးကျော်နိုင်မင်းတို့က ထောက်ပံ့ငွေပေးအပ်ရာ အိမ်ထောင်ဦးစီးများက လက်ခံရယူပြီး ယာယီရွှေ့ပြောင်းလာသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အခမ်းအနားသို့ အထက (၁၀)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် စဉ့်ကူးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်ဦးစီး(၄၇)ဦး တက်ရောက်ခဲ့ကြသည်။ အလှူရှင်မှာ တော်ဝင်သံတဲ ကျောင်းသားဟောင်း ရန်ကုန်မြို့တွင်နေထိုင်သော ဦးအောင်သိန်းမိသားစုက ငွေကျပ်သိန်း ၃၀ ပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။

**(အောက်ပုံ)**

**(ကဆ)**



## မြင့်မြတ်သူစေတနာသွေးလှူရှင် အသင်းက နာမကျန်းလူနာများအတွက် ဇီဝိတဒါန သွေးလှူဒါန်း

**ညောင်ဦး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက် ဆေးဝါးကုသမှုခံယူကြသည် နာမကျန်းလူနာများအတွက် အရေးပေါ် သွေးလိုအပ်လာပါက အချိန်နဲ့ တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယမန်နေ့က ပရဟိတသွေးလှူရှင် အသင်းဝင်များက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဇီဝိတဒါန သွေးလှူဒါန်းပေးခဲ့သည်။

ထိုသို့ နာမကျန်းလူနာများအတွက် သွေးလှူဒါန်းပေးရာတွင် ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးကျော်သန်း ဦးဆောင်၍ ပရဟိတသွေးလှူရှင်အသင်းသား၊ အသင်းသူများက ညောင်ဦး ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အရေးပေါ်သွေး လိုအပ်လာသော လူနာများအတွက် အဆင်ပြေစွာ ကျန်းမာရေးပြုစုကုသပေးနိုင်ရန် အတွက် အေသွေး ၇ လုံး၊ ဘီသွေး ၉ လုံး၊ အိုသွေး ၁၂ လုံး၊ စုစုပေါင်း သွေးပုလင်း ၂၈ လုံးကို ဇီဝိတဒါန သွေးလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှု ခံယူကြသည် နာမကျန်းလူနာများအတွက် အရေးပေါ် သွေးလိုအပ်လာပါက အချိန်နဲ့တစ်ပြေးညီ ဆေးဝါးကုသပေးနိုင်ရန် သွေးလှူရှင်အသင်းဝင်များက နေ့စဉ် သွေးလှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးကျော်သန်းထံက သိရသည်။

**(ကဆ)**

# အာစရိယပူဇော်ပွဲ ဆင်နွဲကြတုပျော်ပျော်



ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးနှင့်အတူ မိဘနှင့်ဆရာသမားတို့သည် အနန္တဂုဏ်ဝင် ကျေးဇူးရှင်များ ဖြစ်ကြပါသည်။ တူညီနိုင်းဆို မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတရား များပြားလှပေ ဘုရားနှင့်နိုင်း တစ်ဂိုဏ်းတည်းပြ အာစရိယဆရာ၊ မြတ်ဆရာတို့အား ဆယ်ဖြာလက်စုံ ကြာပဒုံဖြင့်၊ ဦးချပန်ထွာ ကန်တော့အပ်ပါသည်။

ဆရာတို့သည် သင်ကြားရေးတာဝန်ကို ယူထားကြသူများ၊ ပန်းအလှများ နွမ်းလျမသွားရလေအောင်၊ လမ်းပြထားခဲ့သူများ ဖြစ်ကြပါသည်။ 'သင်ကြားခြင်း' ဆိုသည်ကို အမျိုးမျိုးအဖုံဖုံ အဓိပ္ပာယ်ဖွင့်ဆိုကြသည်တွင် စာရေးသူအနေဖြင့် နားလည်သဘော ပေါက်သည်မှာ 'ဆရာများ၏ ရှင်းလင်းပြသမှု၊ ပြောဆိုဆုံးမမှု၊ ပညာမျှဝေ၊ မေတ္တာပေးချွေမှု၊ ငါးတန်ဗလ ပြည့်ဝကြစေရန် နည်းလမ်းပြညွှန်၊ သွန်သင်ပေးသူ၊ ကျောင်းသားနှင့် ဆရာတို့၏ အချင်းချင်း အပြန်ပြန်အလှန်လှန် ရင်းနှီးချစ်ခင်စွာ ဆက်နွယ်မှု' ဟု နားလည်မိပါသည်။

ဆရာတို့က မိမိတို့၏ တပည့်များကို ကျောသားရင်သား မခွဲခြားဘဲ တတ်သိစရာ မှတ်စရာ သိပ္ပတစ်စမကျန်၊ အကုန်အစင် သင်ပြပေးပါသည်။ ဝါသနာ၊ စေတနာ၊ အနစ်နာခံယူလျက် မိမိတို့၏ဘဝကို သင်ကြားရေးတာဝန်များမှာ လုံးဝနစ်မြုပ်ထားခဲ့ကြသည်။ မိမိတို့၏တပည့်များကိုလည်း ပညာပြည့်ဝ နှလုံးလှသူများ ဖြစ်စေလိုကြပါသည်။ ထက်မြက်ထူးချွန် လူရည်မွန်တို့ ဖြစ်ကြစေချင်ပါသည်။ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ဘောဂဗလတည်းဟူသော ငါးတန်ဗလ ပြည့်ဝစေချင်ကြပါသည်။

စာရေးသူအနေဖြင့် မိမိတို့၏ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစတင်၍ 'သို့နေ၊ သို့ထိုင်၊ သို့ကြံ သို့တွေး၊ သို့ရေး သို့ဖတ်၊ အတတ်ပညာ ပေးမျှဝေလို့' ပြောဆိုဆုံးမသည့် ဆရာများ၊ 'မသိတာကို ရှင်းပြ၊ နားမလည်တာကို ဖွင့်ဆိုပြ၊ မသင့်တာကို မလုပ်ကြရန်၊ မတော်တာကို မကြံစည်ကြရန်၊ အဖန်ဖန် အထပ်ထပ်၊ အခါမလပ် ဆုံးမခဲ့ကြသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ' အားလုံးသို့ သတိရစွာ ဆယ်ဖြာလက်စုံ ကြာပဒုံဖြင့် ကန်တော့အပ်ပါသည်။

သီတင်းကျွတ်ကာလ အခါသမယနှင့် နှစ်သစ်ကူးစ တန်ခူးလတို့မှာ မိမိတို့နှင့်နီးစပ်ရာ ဆရာ၊ ဆရာမကြီးတို့အား မိမိတို့တတ်စွမ်းသမျှ ကန်တော့ကြသည်မှာ ထူးမြတ်သည့် အစဉ်အလာ ဖြစ်ပါသည်။ မိမိတို့၏ဆရာကြီး၊ ဆရာမကြီးများကို စိတ်လက်ချမ်းသာ ပျော်ရွှင်စွာတွေ့ရသည်မှာ ချစ်တပည့်များအတွက် အလွန်ကြီးမားသည့် ဆုလာဘ်ကြီး တစ်ရပ်ဖြစ်ပါသည်။

အခြေခံပညာများကို ကောင်းစွာအောင်မြင် ပေါက်မြောက်ပြီး သည်၏နောက်တွင် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ယူခွင့် ရရှိကြသည့်အချိန်တွင်လည်း ဆရာကြီးများ၏ ဂုဏ်ကျေးဇူးကို အထူးသိလာမြင်လာရပြန်ပါသည်။ စာရေးသူနှင့် သူငယ်ချင်းများသည် မန္တလေးတက္ကသိုလ်ကြီးမှာ ဘူမိဗေဒအဓိကဘာသာရပ်ဖြင့် (၁၉၇၁-၁၉၇၅)ထိတိုင်အောင် ပညာသင်ယူခဲ့ကြပါသည်။ ပညာသင်ကာလတစ်လျှောက်လုံး ဆရာကြီးများ၏ သင်ကြားပြသ ပြောဆိုဆုံးမမှုများကား ယနေ့ထိတိုင် မမေ့နိုင်ကြပါ။ သတိတရရှိနေဆဲမို့ ဤဆောင်းပါးကို ရေးသားတင်ပြဂါရဝပြုလိုက်ရပါသည်။

'ဘူမိဗေဒ'ဟူသည် ဤမြေကမ္ဘာကို အဓိကထားလို့ လေ့လာကြရပါသည်။ ကမ္ဘာကြီးစတင်ဖြစ်တည်ခဲ့သည်မှ စတင်၍ မည်ကဲ့သို့ဖွဲ့စည်းထားသည်၊ မည်သည့်ကျောက်များ တွင်းထွက်များနှင့် ဖွဲ့စည်းထားသည်၊ ရွှံ့မြေ၊ ရေနံ၊ ကျောက်သံပတ္တမြား စသည့် သဘာဝသယံဇာတများ ဖြစ်တည်နေပုံနှင့် မည်သို့မည်ပုံ ဖြစ်ပေါ်ခဲ့သည့် မည်သည့်နေရာမှာ ရှိနေသည်ကို လေ့လာရပါသည်။ သဘာဝအရင်းအမြစ်များက လူသားတို့အား မည်သို့အကျိုးပြုနေသည်။ သဘာဝပတ်ဝန်းကျင်ကြီးက မည်ကဲ့သို့ ပြုပြင်ပြောင်းလဲနေသည်။ ကမ္ဘာ့မျက်နှာပြင်ပေါ်မှ ကုန်းမြင့်တောင်တန်းကြီးများ၊ ချိုင့်ဝှမ်းသျှိုမြောင်၊ သဲငွေသောင်ကမ်း၊ ထူးဆန်းအံ့ဖွယ် ထုံးကျောက်လိုဏ်ဂူကြီး၊ ပင်လယ်ပြင်နှင့် သန္တာကျောက်တန်း အံ့မခန်းတို့ လေ့လာကြရပါသည်။

စာတွေ့နှင့်မပြည့်စုံ၍ လက်တွေ့ကွင်းဆင်း လေ့လာကြရပြန်ပါသည်။ ထိုအခါ မီးသင့်ကျောက်များ တည်ရှိနေသည့်နေရာသွားရောက်ကြရပါသည်။ မီးတောင်ဝသို့လည်း ဆင်းသက်ကြရသည်။ တွန့်ခေါက်တောင်တန်းများပေါ်တက်လို့ အသွင်ပြောင်းကျောက်တွေကို လေ့လာကြရ၊ စစ်ကိုင်း၊ မင်းဝံ၊ ကျောက်ဆည်ရွှေသာလျောင်း၊ ရှမ်းတောင်ဦးနှင့် သံတော်မြက်သို့လည်း တက်ရောက်လို့ လေ့လာကြရပြန်ပါသည်။ ဘူမိဗေဒကို လက်တွေ့ကျကျ သိနားလည်စေလို၍ ဆရာကြီးများသည် နွေရာသီ၊ သီတင်းကျွတ်နှင့် ဒီဇင်ဘာလအားလပ်ရက်တွေမှာ အတူလိုက်ပါလို့ တပည့်တွေကို ပညာဝေခဲ့ကြတာပါ။ ကွင်းဆင်းသင်တန်းကို မနားမနေပို့ချလို့နေခဲ့တာ ကျွန်တော်တို့ ဆရာတွေပါ။

'နေဘယ်လောက်ပူပူ၊ မိုးဘယ်လိုပဲ ရွာနေပါစေ၊ တောင်ကြီးတွေ ဘယ်လိုပင် မြင့်မားနေပါစေ၊ အတူလိုက်ပါလို့ ရှင်းလင်းပြသ ပညာမျှဝေနေတာ ဘူမိဗေဒဆရာကြီးတွေပါ။ တောထဲတောင်ထဲ၊ နေပူကျဲကျဲ၊ ချောင်းရေထဲမှာ သွားလာနေရတာ မမောနိုင်တဲ့ ကျွန်တော်တို့ ဆရာ။ မိသားစုနဲ့ခွဲလို့ သူ့တပည့်တွေ ပညာရစေဖို့ စာသင်ပေးတာ ဘူမိဗေဒ ဒို့ဆရာ' လို့သာ တိတိပပ ရေးပြချင်ပါတယ်ဗျာ။

ဆရာ့ကျေးဇူးမြင့်မိုရ်ဦးကို အထူးသိကာ ကျေးဇူးဆပ်ကြတာ ဘူမိဗေဒကျောင်းသားတွေပါ။ အထက်မြန်မာပြည်တက္ကသိုလ်များရဲ့ ဘူမိဗေဒအာစရိယပူဇော်ပွဲကို ၂၀၀၀ ပြည့်နှစ်ကစတင်လို့ ကျင်းပခဲ့သည်မှာ ယခုနှစ် ၂၀၂၄ သို့ တိုင်ခဲ့ပါပြီ။ အစဉ်အလာမပျက် နှစ်စဉ် ကျင်းပခဲ့ကြပါသည်။ ၂၀၂၀ ပြည့်မှာတော့ ကိုဗစ်ကပ်ရောဂါ ဆိုက်ရောက်လာခဲ့သည့်အတွက် ယခင်နှစ်များနည်းတူ မန္တလေးတက္ကသိုလ်ခမ္မာရုံကြီးမှာ ပူဇော်ကန်တော့ပွဲ၊ အိုရီယင်တယ်မှာ ဧည့်ခံပွဲ၊ ပျော်ပွဲအောင်ပွဲ မဆင်နွှဲနိုင်ခဲ့ပါ။ သို့သော် ထူးမြတ်တဲ့အစဉ်အလာထိန်းသိမ်းကာ ဆရာကြီးများထံမှောက် အရောက်သွားလို့ ကန်တော့ခဲ့ကြပါတယ်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက် စနေနေ့(၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့)မှာတော့ ယခင်နှစ်များနည်းတူ မန္တလေးတက္ကသိုလ်အနီး မဟာမြိုင်ကျောင်းတိုက်ကြီးက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ကြပြီး၊ မန္တလေးမြို့နေ ဆရာကြီးများကို ပင့်ဖိတ်လို့ ပူဇော်ကန်တော့ကြပါမည်။ ကြွရောက်လာသည့် ဆရာကြီးများကို ဂုဏ်ပူဇာလက်ဆယ်ဖြာအုပ်မိုးလို့ ရှိခိုးကန်တော့ကြပါမည်။ ဆရာကြီးများ၏ ဩဝါဒများ မှတ်သားနာယူကြပါမည်။ သူငယ်ချင်းတို့ တွေ့ကြဆုံကြ ပျော်ရွှင်ကြပါမည်။

ဘူမိဗေဒအာစရိယပူဇော်ပွဲကြီး ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးများကို (၂၂-၈-၂၀၂၄)မှာ ပထမအကြိမ်၊ (၂၂-၉-၂၀၂၄)မှာ ဒုတိယအကြိမ်(၂၀-၁၀-၂၀၂၄)မှာ တတိယအကြိမ် ကျင်းပခဲ့ကြပါသည်။ အလှူတော်ငွေကောက်ခံရေး၊ ပူဇော်ပွဲကျင်းပရေး၊ အာစရိယဂုဏပူဇာရာသက်ပန် ငွေပဒေသာပင် စိုက်ထူထားရှိမှု ကိစ္စအဝဝတို့ကိုလည်းကောင်း၊ ကျောင်းသားဟောင်းကြီးများက သင်တန်းနှစ်များအလိုက် ကောက်ခံရရှိငွေများကို ဘဏ္ဍာရေးမှူးထံအပ်နှံခြင်း၊ ၁၉၈၄ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားကြီးများ၏ (၄၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကန်တော့ခံဆရာကြီးများသို့ အားပါးတရ ထာဝရလက်ဆောင်မွန်တို့ဖြင့် ကန်တော့ကြမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြပါသည်။

ဘူမိဗေဒ အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်ကြသူများကို ဧည့်ခံကျွေးမွေးရေးအတွက် စင်ကာပူနေ ၁၉၉၃ ခုနှစ်ဘွဲ့ရ ဘူမိဗေဒကျောင်းသားဟောင်းကြီး ဦးကျော်ဝင်းစိန်က အာဟာရဒါနပြုပါသည်။ ယခင်နှစ် အစည်းအဝေးအားလုံး၏ ထာဝရအာဟာရကုသိုလ်ရှင်ဖြစ်သည့်အတွက် ဝမ်းမြောက်သာဓုခေါ်ရပါသည်။ အစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် သီးသန့်အခန်း စီစဉ်ပေးပါသော 'ကောင်းကျော်လက်ဖက်ရည်ဆိုင်' ၇၉လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ပိုင်ရှင်(၁၉၉၅ ခုနှစ် ဘူမိဗေဒဘွဲ့ရ)ကျောင်းသားကြီး ဦးကျော်သူကိုလည်း ကျင်းပရေးအဖွဲ့ကိုယ်စား ကျေးဇူးအထူးတင်ရှိပါသည်။

အာစရိယ ပူဇော်ပွဲကြီးကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်ကြသူများ၊ အစည်းအဝေးတက်ရောက်၍ အကြံပြုကြသူများ၊ အစည်းအဝေးမတက်ရောက်နိုင်သော်လည်း လိုအပ်ချက်များ တင်ပြခဲ့ကြသူများ၊ အဆိုပြုတင်ပြခဲ့ကြသူများ၊ အစည်းအဝေးတွင် အားမာန်ကြွတက် သွက်လက်ချက်ချာ ပါဝင်ဆွေးနွေး အကြံပေးကြသူများ၊ အာဟာရဒါနပြုသူအားလုံးကို ကျင်းပရေးကော်မတီကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

(၈-၁၁-၂၀၁၄)ရက်တွင် မန္တလေးတက္ကသိုလ် ခမ္မာရုံကြီးတွင် ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် စာရေးသူက ကန်တော့ချိုးတိုင်၍ ပူဇော်ခဲ့သည်ကို သတိတရတင်ပြရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

'ဩကာသ ဩကာသ ဩကာသ၊ ဘူမိဗေဒ များလှတွေ့ထွေ၊ စာပေသိပ္ပ၊ ဗေဒပညာ၊ မြေကမ္ဘာ၏၊ ဘူမိဆိုင်ရာ အဖြာဖြာကို၊ ပညာမျှဝေ မေတ္တာချွေသော၊ စေတနာဆရာ၊ ကျေးဇူးရှင်ဆရာ၊ မြတ်ဆရာတို့အား၊ ဘူမိဗေဒတပည့်များက၊ ဝပ်တွားခယ ပူဇော်ကန်တော့ကြပါသည်၊ ဆရာသခင် ကျေးဇူးရှင်တို့ ခင်ဗျား။

တပည့်များက ဆရာတို့အပေါ်၊ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ခွင့်လွှတ်စေကြောင်း ထပ်လောင်း၍ တောင်းပန်ရိုကျိုး ရှိခိုးဦးတင်ပါသည် ဆရာသခင် ကျေးဇူးရှင်တို့ ခင်ဗျား။'

(၃၀-၁၁-၂၀၂၄)ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက်ကြီးအတွင်းက 'ကျုရှင်သာသနာ့ဗိမာန်တော်ကြီး' မှာ ဆုံတွေ့ကြပါစို့။

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)





## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကျင်းပ

**လယ်ဝေး အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လူငယ်များ စာပေဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို ယမန်နေ့က ကျင်းပသည်။

ရေးဦးစွာ သော်မှော်ကုန်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲကျင်းပရာ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ဝေကြည်စန်းအောင်က လူငယ်များစာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ ကျောင်းအုပ်ဆရာကြီးဦးဌေးစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်အား ကျောင်းသားကျောင်းသူလူငယ်လေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီက သာဝတ္တိ၊ အင်းသာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စတင်ခူးဆွတ် ရောင်းချရသဖြင့် မိသားစုများအဆင်ပြေလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပြည်သူများအနေဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း နေ့စဉ်ဝင်ငွေရရှိရေးကာလတို၊ ကာလရှည် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရောင်းချလျက်ရှိရာ ညောင်ပင်ဖောက်ကျေးရွာတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စတင်ခူးဆွတ်ရောင်းချသဖြင့် မိသားစုများ အဆင်ပြေလျက်ရှိသည်။

ရုံးပတီသီးနှံသည် မိသားစုတစ်နိုင်တစ်ပိုင် ကုန်ကျငွေနည်းနည်းဖြင့် စိုက်ပျိုးနိုင်ပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ရုံးပတီသီးနှံသည် စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ကျော်ပါက စတင်ခူးဆွတ်ရောင်းချရကြောင်း ရေကြိုက်နှစ်သက်သဖြင့် ရေသွင်း၊ ရေထုတ်လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာတွင် မြေကျင်းတူး၍ အစေ့တိုက်ရိုက်ချစိုက်ပျိုးနိုင်ကြောင်းနှင့် လိုအပ်သည့်အချိန်များတွင်



မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးပေးခြင်းများနှင့် သဘာဝရောဂါပိုးကာကွယ်နှိမ်နင်းဆေးများ ဖျန်းပေးပါက အသီးအထွက်နှုန်းကောင်းမွန်ကာ ရက်ပေါင်း၉၀ အထိ ခူးဆွတ်ရောင်းချရသည့်အတွက် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## စားအုန်းဆီလက်ကားရည်ညွှန်းဈေးအနည်းငယ်ပြန်တက်

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုများအရ ယခုတစ်ပတ် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၃၂၀ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ စားအုန်းဆီ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၆၂၆၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ်ရည်ညွှန်းဈေးသည် ၆၃၂၀ ကျပ် ဖြစ်သဖြင့် ၅၅ ကျပ် ဈေးတက်သွားခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ဘဏ်စရိတ်များအခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပါသည်။

အပတ်စဉ်ဖော်ပြပေးထားသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၅**



## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကွဲ၊ နွားတိရစ္ဆာန်အစာ ၇၉၀၈ဧက လျာထား စိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကွဲ၊ နွားတိရစ္ဆာန် အစာပင် ၇၉၀၈ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကွဲ၊ နွားတိရစ္ဆာန်အစာပင် ၇၉၀၈ ဧက စိုက်ပျိုးရန်လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ် စိုက်ဧကပြည့်မီရေးအတွက် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးနိုင်ရန် လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများ ကြိုတင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လုပ်ကိုင်နေကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကွဲ၊ နွားတိရစ္ဆာန်အစာပင် ၇၉၀၈ ဧက စိုက်ပျိုးသွားဖို့လျာထားပါတယ်။ အဓိကစိုက်ပျိုးတဲ့ ကွဲ၊ နွားတိရစ္ဆာန်အစာကတော့ နံ့စားပြောင်း၊ နေပီယာမြက်နဲ့ ပဲသီးနှံများကိုစိုက်ပျိုးကြပါတယ်။ ဒေသတွင်းရှိ ကွဲ၊ နွားတိရစ္ဆာန်တွေအတွက် အစာရှားပါးမှုမဖြစ်စေဖို့နဲ့ ဝင်ငွေတိုးပွားရေးအတွက် မွေးမြူထားရှိတဲ့ ကွဲ၊ နွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ဖို့ ကွဲ၊ နွားတိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး လျာထားစိုက်ဧကပြည့်မီအောင် မျိုးစေ့များဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမည့် နည်းပညာတွေ အသိပညာပေးခြင်း စတဲ့ တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကွဲ၊ နွားတိရစ္ဆာန်အစာဖူလုံစေရန်အတွက် နှစ်စဉ်ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန်တွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အကျိုးရှိရှိ အသုံးချပြီး နံ့စားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ နေပီယာနှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့်သဘာဝသွင်းအားစုပစ္စည်းပြုလုပ်သုံးစွဲနည်းပညာများ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်းစသည့် တောင်သူများ သိရှိလိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ (၄၄၅)

## သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အဆိုပြု ယှဉ်ပြိုင်ထားသောကျောင်းသို့ ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေး

**ရပ်စောက် အောက်တိုဘာ ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ်အဆိုပြု ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည့် ရပ်စောက်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းကွဲ) ကျောင်းအား ယမန်နေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင် စိစစ်ရွေးချယ်ရေးအဖွဲ့မှ သက်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု ရှိ/မရှိ ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အခြေခံပညာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပါဝင်သည့် ကော်မတီဝင်များက ဆုရွေးချယ်နိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းကွဲ)ရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ Clean and Green Schools Award ဆုချီးမြှင့်ရေးလျှောက်ထားရာတွင် အခြေခံစံနှုန်းများ၊ အညွှန်းကိန်းများနှင့်အညီ ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းအကဲဖြတ် စစ်ဆေးခဲ့ကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက မိမိတို့ကျောင်းတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံပြသခဲ့ကြောင်းသိရှိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ



**တာချီလိတ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ကျန်ရှိနေသော နုန်းနှင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် တစ်မြို့လုံးအတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်ရေး၊ ပျက်စီးသွားသည့် လမ်းတံတားများ ပြုပြင်တည်ဆောက်နိုင်ရေး၊ ပျက်စီးသွားသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)ထိပ် အဝိုင်းပတ်နေရာတွင် နာရီစင်တည်ဆောက်နိုင်ရေး၊ မြို့ကျက်သရေဆောင် အောင်မြတ်ခန်းမအား ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုပြင်နိုင်ရေး၊ ရွှေဝါနဒီ ပန်းခြံ အဆင့်မြှင့်တင်နိုင်ရေး၊ တာလော့ဈေးအား စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူပူးပေါင်းပါဝင်သည့် အမှိုက်သိမ်းစနစ် အကောင်အထည်ဖော်နိုင်ရေးနှင့် ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ပုန်းထွန်နှင့် တာလော့ရပ်ကွက်၌ ရေကြီးရေလျှံခြင်းမှ ကာကွယ်ရန် သံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံ တည်ဆောက်မည့်ကိစ္စတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက လုပ်ငန်းများ အောင်မြင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး လိုအပ်သောရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ပံ့ပိုးပစ္စည်းထောက်ပံ့ပေးအပ်၊ ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဝါသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး ပံ့ပိုးပစ္စည်းထောက်ပံ့ပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရွာခိုင်ကြီးကျေးရွာအုပ်စု၊ ထားဝယ်အင်းကျေးရွာ ကွင်းအမှတ်(၆၄၃)၊ ဦးပိုင်အမှတ်(၂၉) တောင်သူဦးလှညွန့်၏ ဝါစိုက်ခင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ပံ့ပိုးပစ္စည်းထောက်ပံ့ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များဖြစ်သည့် ဝါဂွမ်းနှင့် ချည်ထည်ထွက်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းနေရခြင်းအား လျှော့နည်းစေရန်၊ တောင်သူလယ်သမားများ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ငန်းကို စိုက်ပျိုးထုတ်လုပ်တတ်စေခြင်းဖြင့် ဝါစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးကို ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုး၊ မိုးနှောင်း ချည်မျှင်ရှည်ဝါ(B 31)မျိုးစေ့၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းသဘာဝမြေဩဇာ၊ gypsum မြေဩဇာများအား ရွာခိုင်ကြီးအရှေ့တန်းစခန်းနှင့် မိုင်းမောရှေ့တန်းစခန်းနယ်မြေရှိ ကျေးရွာအုပ်စု(၃)အုပ်စုမှ ဝါသီးနှံ(B 31)(၅၃၃)ဧက စိုက်ပျိုးသော ဒေသခံဝါစိုက်တောင်သူများ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ခဲ့ကာ ကွင်းသရုပ်ပြပွဲကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ဝါမျိုးကောင်းမျိုးသန့်များ ကောင်းမွန်လာကာ ဝါအထွက်နှုန်းများတိုးလာပြီး အမြတ်အစွန်းများ ရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

ပံ့ပိုးပစ္စည်းထောက်ပံ့ပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦးနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ ရွာခိုင်ကြီးအရှေ့တန်းစခန်းနှင့် မိုင်းမောရှေ့တန်းစခန်းနယ်မြေတို့မှ ဒေသခံဝါစိုက်တောင်သူ ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သီတာအောင်(မြစ်သား)**

# နမ္မဒါဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ ပွင့်လင်းရာသီသို့ ရောက်လာပြီဖြစ်တဲ့အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရိပ်သာအတွင်းရှိ အဘိုး၊ အဘွားများ မှဲ့၊ ခြင်၊ ယင်၊ ပိုးမွှားအန္တရာယ်များကင်းရှင်းကာ သန့်သန့်ရှင်းရှင်းဖြင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များက ဘိုးဘွားရိပ်သာ ပရိဝုဏ်အတွင်းမှ သစ်ပင် ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)(၅၀၄)**

# ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ရပ်ကွက်၊ ကျေးရွာ၊ စက်ရုံများတွင် စားအုန်းဆီများ ချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ စားသုံးဆီအခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဝယ်ယူ၍ ယမန်နေ့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် စက်ရုံများတွင် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရောင်းချပေးခဲ့သော စားအုန်းဆီများကို Resources Group Trading Co,Ltd ထံမှ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဝယ်ယူခဲ့၍ စားသုံးဆီ လက်လီ၊ လက်ကားအရောင်းဆိုင်များဖြစ်သည့် ဦးအေးမင်းစိုး၏ အေးချမ်းသူ စားသုံးဆီဆိုင်မှ သံရွာကျေးရွာနှင့် စက်တီးစက်ရုံတွင်လည်းကောင်း၊ ဦးနန်းဦး၏ နဒီရော စားသုံးဆီဆိုင်မှ သင်္ဂတုံ၊ ရွာသာယာ၊ ဆင်ဖြူကျေးများတွင်လည်းကောင်း၊ ဒေါ်သက်သက်မွန်၏ အနန္တဂုဏ်ရည် စားသုံးဆီအရောင်းဆိုင်မှ လေးဆယ်ကုန်းကျေးရွာတွင်လည်းကောင်း၊ ဒေါ်တင်နွဲ့၏ ဗိုလ်တစ်ထောင်၊ ဒေါ်သီတာ၏ စစ်ငြိမ်း၊ ဦးတင်လင်းအောင်၏ အမေထွားစားသုံးဆီအရောင်းများမှ ခရိုင်အဆင့်ဝန်ထမ်းများအားလည်းကောင်း စားသုံးဆီတစ်ပိဿာလျှင် ရည်ညွှန်းဈေးငွေကျပ် ၇၃၄၅ ဖြင့် ဈေးနှုန်းချိုသာစွာ စားသုံးဆီဝယ်ယူခွင့် စာအုပ်များဖြင့် အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(၄၈၅)**

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်
စိုက်ရှေတိုက်ကိုစိုး။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute (GXETVI)တို့ ပူးပေါင်း၍ အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်



မန္တလေး အောက်တိုဘာ ၂၈

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute (GXETVI) တို့ပူးပေါင်း၍ အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စား၊ဝတ်၊နေရေးကဏ္ဍများထဲမှ ဝတ်ရေးကဏ္ဍတွင် အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဝတ်အထည်နှင့် အထည်ချုပ်ဆိုင်ရာ စီမံကိန်းနှစ်ခုအနက် Modern Craftsmanship Institute for Textile and clothing စီမံကိန်းအတွက် ပထမအကြိမ် အဝတ်အထည်ချုပ်လုပ်မှုဆိုင်ရာ သင်တန်းလည်းဖြစ်ပါကြောင်း၊ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးထားသည့် အထည်ချုပ်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် များစွာလိုအပ်ပါကြောင်း၊ လျင်မြန်စွာ တိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန် သင်ယူတတ်မြောက်ထားသည့် ပညာရပ်များကို အခြေခံပြီး တီထွင်ကြံဆမှု၊ လေ့လာဆန်းသစ်မှု၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများကို ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက သင်တန်းကြေးအခမဲ့ဖြစ်ပြီး နေထိုင်နိုင်သည့် သင်တန်းဆောင်စီစဉ်ပေးထားမှု၊ ခေတ်မီသင်ကြားရေးစက်ပစ္စည်းများ ပြည့်စုံစွာဖြင့် စာတွေ့၊ လက်တွေ့အပြင် အွန်လိုင်းမှ သင်ကြားပေးမည့် အစီအစဉ်များပါဝင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပညာရေးဝန်ကြီးဌာန၊ သက်မွေးဝမ်းကျောင်းနှင့် အရွယ်ရောက်ပြီးသူများအတွက် ပညာရေးဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး Ms.Wang Zhuo နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr.Luo Shengfang တို့က သင်တန်းပူးပေါင်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အွန်လိုင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဝတ်အထည်ချုပ်လုပ်မှု သင်တန်းခန်းမများအတွင်း လိုက်လံကြည့်ရှုကာ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း၊ သင်တန်းတွင် သင်တန်းသား ၃၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





# လန်ချန်း-မဲခေါင် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်အသင်း ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိ

ရန်ကုန် အောက်တိုဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောက်ရွက်မှု တရုတ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာလက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ထွန်းလင်း၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်များ၊ အားကစားသမားများသည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားလေးယောက်တွဲတွင် ဗီယက်နမ်(A)အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ လာအိုနှင့် ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသမီး လေးယောက်တွဲတွင် ဗီယက်နမ်(A)အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ တရုတ်နှင့် ဗီယက်နမ်(B)အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသား သုံးယောက်တွဲတွင် ထိုင်းက ပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ မြန်မာနှင့် လာအိုတို့က ပူးတွဲတတိယ၊ အမျိုးသမီးသုံးယောက်တွဲတွင် ထိုင်းကပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ မြန်မာနှင့် တရုတ်တို့က ပူးတွဲတတိယ ရရှိခဲ့ကြသည်။



ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

လင်းရာမ